ခန္တီ စ ခေတံ မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၀၈)

လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း အဆင့်ဆင့်အကောင်အထည်ဖော်သွားကြ

လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ တိုင်းပြည်၏တည်ရှိနေသော သဘာဝ သယံဇာတ စွမ်းအားအခြေအနေနှင့် အခြားဖြစ်ပေါ်နေသော အခြေအနေများအပေါ်တည်မှီ၍ အဆင့်ဆင့် အကောင်အထည် ဖော်သွားကြရမည်။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ

လျှပ်စစ်စွမ်းအားတိုးတက်ဖွံ့ဖြိုးမှုနှင့်နိုင်ငံတော်၏လူမှုစီးပွားရေးဘဝဖွံ့ဖြိုးမှုဆက်စပ်လျက်ရှိ စီမံကိန်းလုပ်ငန်းများကို တာဝန်ခံဌာနများကဖိဖိစီးစီးကြိုးကြိုးစားစားအကောင်အထည်ဖော် အထောက်အကူပြုရမည့်ဝန်ကြီးဌာနများကလည်းထိထိမိမိပံ့ပိုးအထောက်အကူပြု

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးညှိနှိုင်းအစည်းအဝေးတွင်မှာကြား

ရန်ကုန် မေ ၂၇

နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍အမှာစကားပြောကြားသည်။

ကျောဖုံးသို့ ★

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

အမျိုးသားညီလာခံ ကြိုတင်ပြင်ဆင်မှုလုပ်ငန်း ပြည့်ဝစွာစီမံထား ညီလာခံလုပ်ငန်းအောင်မြင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ရက်နေ့တွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကျင်းပရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများကို နိုင်ငံတော်က စနစ်တကျပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်သော အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းထုတ်ပြန်ပေးခဲ့ပြီးနောက် အမျိုးသား ညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းအရပ်ရပ်ကို အချိန်တိုကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီတို့ကို ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းများကို စီမံဆောင် ရွက်ခဲ့သည်။ ယခုအခါ အမျိုးသားညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များကို ဖိတ်ကြား ထားပြီးဖြစ်သကဲ့သို့ အမျိုးသားညီလာခံကို လာမည့် မေ ၁၇ ရက်နေ့တွင် စတင်ကျင်းပရန် သတ်မှတ် ထားပြီးဖြစ်ရာ ကျင်းပမည့်နေ့ရက်မှာ အချိန်နီးကပ်လာပြီ ဖြစ်ပေသည်။

အမျိုးသားညီလာခံကျင်းပရာတွင် ညီလာခံလုပ်ငန်းများ ပြည့်ပြည့်ဝဝ အောင်မြင်ဖြစ်ထွန်းစေရေး၊ ညီလာခံ တက်ရောက်မည့်ကိုယ်စားလှယ်များ စိတ်အေးချမ်းမြေ့ ကျန်းမာရွှင်လန်းစွာ တက်ရောက်နိုင်စေရေး အတွက် အမျိုးသားညီလာခံခန်းမကြီးနှင့်တကွ အမျိုးသားညီလာခံကျင်းပမည့် ပရဝဏ်တစ်ခုလုံးကို သန့်ရှင်းသပ်ရပ် သာယာလှပ ခံ့ညားထည်ဝါစေရန် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများကို အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများပါဝင်သည့် လုပ်ငန်းကဏ္ဍအလိုက် ကော်မတီများဖွဲ့စည်းပြီး အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားညီလာခံကျင်းပရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၆ရက်နေ့ ညနေ ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ အနော်ရထာရိပ်သာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားရာ၌–

> **"ဤအမျိုးသားညီလာခံကျင်းပရာ ပရဝဏ်ကြီးအတွင်း သစ်လွင်ခံ့ညားထည်ဝါသည့် အမျိုးသား ညီလာခံ ခန်းမကြီးနှင့်တကွ ကိုယ်စားလှယ် အစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးမည့် အစည်းအဝေး ခန်းများ၊ သန့်ရှင်းသပ်ရပ်သည့် အိပ်ဆောင်များ၊ ကျန်းမာရေးအတွက် အားကစားလှုပ်ရှားနိုင်သည့် အားကစားကွင်း၊ အားကစားရုံများ၊ သက်သာချောင်ချိရေး၊ ဖျော်ဖြေရေးလုပ်ငန်းများ စသည်ဖြင့် လိုအပ်သည့် အခြေခံများအားလုံးကို တစုတစည်းတည်း ပြည့်စုံစွာတည်ရှိစေရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေကြေး မြောက်မြားစွာကျခံသုံးစွဲပြီး အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ထားပြီး ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

အမျိုးသားညီလာခံသို့ တက်ရောက်လာမည့် ကိုယ်စားလှယ်များတွင် တိုင်းရင်းသားလူမျိုးစုံ၊ အသက်အရွယ်စုံ ပါဝင်လာမည်ဖြစ်သည်။

ညီလာခံ ကိုယ်စားလှယ်များထဲတွင် ကျန်းမာရေးနှင့်ပြည့်စုံသည့်ပုဂ္ဂိုလ်များ ပါဝင်နိုင်သကဲ့သို့ ဆေးဝါးမှီဝဲရန် လိုအပ်သည့် ပုဂ္ဂိုလ်များ၊ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည့် ပုဂ္ဂိုလ်များ စသည်ဖြင့် ပါဝင်လာနိုင်ရာ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးအတွက် ခေတ်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံး ပစ္စည်းကိရိယာများ၊ ဆေးဝါးများ၊ ပါရဂူ သမားတော်ကြီးများဖြင့် ပြည့်စုံသည့် ဆေးရုံတစ်ရုံကို အမျိုးသားညီလာခံကျင်းပရာ ပရဝဏ်အတွင်း၌ တည်ဆောက်ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ပြည့်ဝစွာစီမံ ဆောင်ရွက်ထားပြီး ဖြစ်သည်နှင့်အညီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသား ညီလာခံ ကြိုတင်ပြင်ဆင်တည်ဆောက်မှု ကော်မတီအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အမျိုးသား ညီလာခံကျင်းပရေးဆိုင်ရာလုပ်ငန်း များ အောင်မြင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရေဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်ရှိ ဌာနချုပ်များ၊ စစ်ရေယာဉ်စုများ၊ ပင်မတပ်များ၊တပ်/စခန်း/ရေယာဉ်များမှ အရာရှိကြီးများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အမျိုးသားအသင်းကိုးသင်းနှင့် အမျိုးသမီးအသင်းကိုးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဧပြီ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဆုန်ညောင်ရေသွန်းမည်

ရန်ကုန် ဧပြီ ၂၇

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၂၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို မေ၃ရက် (ကဆုန်လပြည့်နေ့) နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ မဟာဗောဓိပင်၌ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများပါဝင်၍ အခမ်းအနားဖြင့်စည်ကား သိုက်မြိုက်စွာ ညောင်ရေ သွန်းလောင်း ပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာဝိဇယစေတီတော်တွင် ကဆုန်ညောင်ရေသွန်းမည်

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်မြို့ဓမ္မရက္ခိတကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာဝိဇယ စေတီတော်မြတ်ကြီး၏ (၁၈)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ၁၃၆၆ခု မေ ၃ ရက် (ကဆုန်လပြည့်နေ့) နံနက်၈နာရီတွင် စေတီတော်ကြီး၏မဟာဗောဓိပင်၌ ဆင်ယင်ကျင်းပရန် စီစဉ်ထားသည်။

ကဆုန်ညောင်ရေသွန်းပွဲတော်ကို မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ ကကြီးမှူး၍ မြန်မာ့ရိုးရာစဉ်လာမပျက် ဝင်းခင်းမင်္ဂလာဖြင့် ကျင်းပမည်ဖြစ်သည်။ ရွှေတိဂုံစေတီတော်ကြီး၏ ဂေါပကအဖွဲ့နှင့် ဝေယျာဝစ္စ အကျိုးဆောင်အဖွဲ့တို့က ပံ့ပိုးဦးဆောင်ပြီး ဘာသာရေးအသင်းအဖွဲ့များနှင့်အတူ အခမ်းအနားကို အဆိုပါနေ့ နံနက် ၈ နာရီတွင် ဖွင့်လှစ်၍ ညောင်ရေသွန်း ပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုဆက်ကပ်

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သံဃမဟာနာယက ဝေဠုဝန်နိကာယ ဝေဠုဝန်နိကာယဂိုဏ်းဗဟိုအကျိုးတော်ဆောင်ချုပ် ရွှေတိဂုံဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ အဂ္ဂဝံသအား ဝေဠုဝန် မြောက်ပိုင်းရပ်ကွက်မှ တပည့် ဒါယကာ ဒါယိကာမများက ထပ်ဆင့် ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာသဘင်ကို ဧပြီ၂၅ရက်က ဓမ္မရောင်ခြည်ဦး ဓမ္မာရုံတွင် ပြုလုပ်ရာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းက ဂုဏ်ပြုဆက်ကပ်စဉ်။ (၁၂၉)

အီလက်ထရွန်နစ်ပညာရေးစီမံခန့်ခွဲမှုသင်တန်းဖွင့် ပညာရေးဝန်ကြီး ဦးသန်းအောင် အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၇

ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရန်နှင့် ပညာရေးဆိုင်ရာလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်နိုင်မှု စွမ်းရည်မြှင့်တင်ရန် ရည်ရွယ်၍ တိုက်ရိုက်ထုတ်လွှင့်ပို့ချပေးမည့် အီလက်ထရွန်နစ်နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ ပညာရေးရုပ်မြင်သံကြား ရိုက်ကူးရေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဦးမျိုးညွန့်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အဖွင့်အမှာစကား

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က အီလက်ထရွန်နစ်နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနား အစီအစဉ်ထုတ်လွှင့်အပြီးတွင် သင်တန်းပို့ချချက်များကို ဆက်လက်ထုတ်လွှင့် ပေးရာ ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီး၌ အီလက်ထရွန်နစ်သင်ယူမှုဌာန (e- Education Learning Centre)၄၅၅ခုတွင် သင်တန်းသားသင်တန်းသူများ တက်ရောက်သင်ယူကြသည်။

ထုတ်လွှင့်ပို့ချမည်

အီလက်ထရွန်နစ် နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှုသင်တန်းကို ဧပြီ ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက်၊ ၂၉ရက်နှင့် ၃၀ ရက်များတွင် နေ့စဉ် နံနက် ၉ နာရီမှ ၁၁နာရီအထိ တစ်ကြိမ်၊မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ တစ်ကြိမ် ထုတ်လွှင့်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာတိုက်စိုးအထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

စာရေးဆရာတိုက်စိုး ကွယ်လွန်ခြင်းတစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းတို့ ပူးပေါင်းစီစဉ်သော ဆရာတိုက်စိုး အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို မေ ၂ ရက် (တနင်္ဂနွေ)နေ့တွင် အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန်ခန်းမ၌ နံနက်၉နာရီ မှစ၍ ကျင်းပမည်ဖြစ်သည်။

ယင်းစာတမ်းဖတ်ပွဲတွင် စာပေပညာရှင် စာကြည့်တိုက်ပညာရှင် ဆရာတိုက်စိုး၏ ဘဝခရီးနှင့် လက်ရာအကြောင်းစာတမ်းများကို ဆရာ ပါရဂူက အဖွင့်မိတ်ဆက်ပြောကြားလျက် စာရေးဆရာ မနုဿကျော်ဝင်း၊ ဦးအေးချို (မဟာဝိဇ္ဇာ)၊ ဒေါ်ကြန်၊ အံ့မောင်၊ ဦးမင်းနိုင်၊ သူရဇော်၊ ထက်မြက်၊ ဦးမြင့်ကြိုင် (ယဉ်ကျေးမှုဗိမာန်)တို့က စာတမ်း ၁၀ စောင် ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။ စိတ်ဝင်စားသူ စာပေဝါသနာရှင်များ အဆိုပါစာတမ်းဖတ်ပွဲသို့ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး မှာကြားစဉ်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မြန်မာ-တရုတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ဖြင့်တိုးမြှင့်လျက်ရှိ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရန်သဘောတူညီမှုများရရှိထား သဘောတူညီချက်များ မြန်မြန်ဆန်ဆန်အကောင်အထည်ပေါ်ရေးဝန်ကြီးဌာနအလိုက်တင်ပြ

ရန်ကုန် ဧပြီ ၂၇

မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေး ခန်းမ၌ ကျင်းပရာ မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင် ရွက်မှုဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ညှိနှိုင်း အစည်းအဝေးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံသဘောတူညီချက်များ အကောင်အထည်ဖော်ရေး အစီအစဉ်အရ ဆောင်ရွက်ချက်များကို ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

တက်ရောက်

အစည်းအဝေးသို့ မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ဦးဆောင်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က မြန်မာ-တရုတ် နှစ်နိုင်ငံ အကောင်အထည်ဖော်မည့် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မြန်မာ-တရုတ်နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် မတ်လအတွင်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယ ဝန်ကြီးချုပ် မဒမ်ဝူရီ၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား စာလွှာခုနစ်ခုနှင့် နားလည်မှုစာချွန်လွှာ၊ သဘောတူစာချုပ် ၁၄ ခု စုစုပေါင်း စာချွန်လွှာ၊ သဘောတူစာချုပ် ၂၁ ခုကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြောင်း။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးချဲ့

ယဉ်ကျေးမှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းအင်ကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မြန်မာ့ရထားကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ သတ္တုကဏ္ဍ၊ စီးပွားရေးတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး စသည့်ကဏ္ဍစုံတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ကြရန် သဘောတူညီမှုများ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

သွက်သွက်လက်လက်ဆောင်ရွက်

အဆိုပါ နှစ်နိုင်ငံ သဘောတူချက်များ မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာရေးအတွက် မိမိတို့ဘက်က ဆောင်ရွက်ဖွယ်ရာများကို သွက်သွက်လက်လက် စတင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် အရှိန်အဟုန်ဖြင့် တိုးမြှင့်လျက်ရှိနေကြောင်း၊ ထို့ပြင် သဘောတူစာချုပ်များနှင့် စာလွှာပါ လုပ်ငန်းစဉ်များအပြင် နှစ်နိုင်ငံ စိတ်ဝင်စားသည့် အကျိုးတူလုပ်ငန်းများ ဆောင်ရွက်သွားရန်လည်း ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း။

အကြံပြုဆွေးနွေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံဒုတိယ ဝန်ကြီးချုပ် မဒမ်ဝူရီ၏ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက် ဖြစ်ထွန်းလာစေရန် အကြံပြုဆွေးနွေးမှုများလည်း ရရှိခဲ့ကြောင်း။

ထို့ကြောင့် အဆိုပါချစ်ကြည်ရေး ခရီးစဉ်အတွင်း နှစ်နိုင်ငံသဘောတူညီချက်များ၊ ဆွေးနွေးအကြံပြုချက်များ မြန်မြန်ဆန်ဆန်အကောင်အထည်ပေါ်လာရေးအတွက် မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မဒမ်ဝူရီတို့အကြား နှစ်ဦးနှစ်ဖက် ဆွေးနွေးချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကော်မတီဝင် များက မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး အစီအစဉ်အရ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက်မြန်မာ-တရုတ်နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မီးလောင်နေသော ကန်စစ်ယာဉ်ကိုကြည့်ရှုသူ အီရတ်ကလေးငယ်လေးဦး အမေရိကန်တို့ ပစ်ခတ်သော ကျည်ဆန်ထိမှန်သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၆

ဘဂ္ဂဒက်တွင် လမ်းဘေးဗုံးပေါက်ကွဲထိမှန်မှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီးပျက်စီးသွားပြီး မကြာမီ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သဖြင့် အီရတ်ကလေးငယ်လေးဦး တနင်္ဂနွေနေ့က သေဆုံးသွားခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အသက် ၁၂ နှစ်ဝန်းကျင်ရှိ ကလေး လေးဦးသည် ဘဂ္ဂဒက်အရှေ့ပိုင်းရှိ ကနဲလ်စထရိတ်တွင်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အမေရိကန်တပ်များက ပရမ်းပတာ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့ကြပြီး အခြားလူငါးဦးဒဏ်ရာရခဲ့ကြသည်ဟု မျက်မြင်တွေ့ရှိသူအချို့က ပြောကြားသည်။

ကလေးငယ်များသည် ကျောင်း မှနေ၍ ကျောင်းအနီး မီးလောင်နေသော အမေရိကန် ဟမ်းဗီးစစ်ယာဉ်ကို သွားကြည့်ကြောင်း၊ ပစ်ခတ်မှုဖြစ်ချိန်၌ ကလေးငယ်များနှင့် ဖြတ်သွားသူများသည် မီးလောင်နေသော စစ်ယာဉ်အနီး၌ ရှိနေကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ထိုဖြစ်ရပ်နှင့် စပ်လျဉ်း၍ အမေရိကန်စစ်တပ်က ချက်ချင်းပြောဆို ခြင်းမရှိပေ။ အဖြစ်အပျက်ကို တွေ့ရှိသော ယာဉ်မောင်းတစ်ဦးက ဒဏ်ရာဖြင့် လဲနေသော ကလေးနှစ်ဦးကို တွေ့ခဲ့ရကြောင်း ပြောဆိုသည်။

အနီးရှိဆေးရုံက သေနတ်ထိမှန်သေဆုံးသော ကလေးလေးဦး လက်ခံရရှိကြောင်း အတည်ပြုပြောဆိုသည်။ လမ်းဘေးဗုံးပေါက်ကွဲ ထိမှန်ခံရသော ဟမ်းဗီးယာဉ်မှာ အဆိုပါ ကနဲလ်စထရိတ် လမ်းမကြီး၌ ဖြတ်မောင်းသွားသော စစ်ဘက်ယာဉ် တန်းမှတစ်စီးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာသတင်းများ

ဧပြီ ၂၆ ရက်က ဘဂ္ဂဒက်မြို့မြောက်ဘက် အမေရိကန်စစ်ယာဉ်လေးစီး ရပ်ထားသည့်နေရာအနီးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ပျက်စီးသွားသော အဆောက်အအုံနှင့် အမေရိကန်စစ်ယာဉ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ စပိန်တပ်ဖွဲ့ဝင်များမသွားသင့်ကြောင်း စပိန်ကာကွယ်ရေးဝန်ကြီး ဂျိုးစ်ဘိုနို ပြောကြား

မက်ဒရစ် ဧပြီ ၂၆

စပိန်နိုင်ငံသည် အီရတ်မှ ၎င်း၏တပ်ဖွဲ့ဝင်များအား မကြာမီရုပ်သိမ်း မည်ဖြစ်ပြီး အီရတ်သို့ ၎င်း၏တပ်ဖွဲ့ဝင်များ မည်သည့်အခါမျှ မသွားသင့်ကြောင်း စပိန်ကာကွယ်ရေးဝန်ကြီး ဂျိုးစ်ဘိုနိုက စနေနေ့တွင် ပြောသည်။

အီရတ်တွင် တပ်ဖြန့်ထားသော စပိန်တပ်ဖွဲ့သည် မကြာမီ စပိန်သို့ ပြန်လာမည်ဖြစ်ပြီး စပိန်ဝန်ကြီးချုပ်သည် ယင်းကိစ္စနှင့်ပတ်သက်၍ ၎င်း၏ သဘောထားကို ကွန်ဂရက်လွှတ်တော်တွင်လာမည့်ရက်သတ္တပတ်၌ ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း ဘိုနိုက ပြောသည်။

ဆောင်ရွက်မည်

စပိန်တပ်ဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးအတွက်အလုပ်လုပ်ကြသော်လည်း နိုင်ငံတကာဥပဒေအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ပြန်လာမည်

အီရတ်ရှိ ၎င်း၏နိုင်ငံမှ တပ်ဖွဲ့ဝင်အများစုသည် မေ ၃၀ ရက်တွင် စပိန်နိုင်ငံသို့ ပြန်လာမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ဗုဒ္ဓဟူးနေ့တွင်ပြောသည်။

အမိန့်ထုတ်ပြန်

၎င်း၏ ကတိ စကားအတိုင်း ဆောင်ရွက်ခြင်းအဖြစ် စပိန်ဝန်ကြီးချုပ် ဂျိုးစ်လူးအစ်စ်ရှုထရစ်ဂူဇာပါတီရိုသည် အီရတ်တောင်ပိုင်းနှင့် အလယ်ပိုင်းတွင် တပ်ဖြန့်ထားသော တပ်ဖွဲ့ဝင် ၁၃၀၀ ရုပ်သိမ်းရေးအတွက် အမိန့်ထုတ်ပြန်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

စီးနင်းရှာဖွေ

ဧပြီ၂၆ရက်က ဖော်လူဂျာမြို့တွင် အိမ်တစ်အိမ်အတွင်း စီးနင်းရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တို့လွှဲကျင့်ပေးထားသော အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ပြောက်ကျားတို့နှင့်ပူးပေါင်းသွား၊ ကန်တို့အတွက်အားနည်းချက်ဖြစ်

ဘဂ္ဂဒက် ဧပြီ ၂၅

အီရတ်နိုင်ငံ၌ ပြီးခဲ့သောသီတင်းပတ်ကုန်ရက်များအတွင်း တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့သည်နည်းတူ အီရတ်ရဲအရာရှိနှစ်ဦးသေဆုံးပြီး အရပ်သား ၁၄ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယမန်နေ့က ဘဂ္ဂဒက်မြို့မြောက်ဘက် တာဂျီ၌ အမေရိကန်စခန်းအား ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့မှုသည် မကြာသေးမီလများအတွင်း အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားတိုက်ခိုက်မှုများအနက် အပြင်းထန်ဆုံးတိုက်ခိုက်မှုဖြစ်သည်။

တီကရစ်မြို့၌လည်း အမေရိကန်စစ်စခန်းအနီး လက်လုပ်ဗုံး ပေါက်ကွဲခဲ့ရာ ဘဂ္ဂဒက်မြို့ ဆာဒါမြို့ရှိ ဈေးအတွင်း စိန်ပြောင်း သို့မဟုတ်ဒုံးကျည်ပေါက်ကွဲမှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အနည်းဆုံး ၁၂ဦး သေဆုံးခဲ့သည်။ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက အီရတ်နိုင်ငံအတွင်းလုံခြုံမှုရရှိစေရေးအတွက် အမေရိကန်တို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည် ဆိုသော်လည်း စိန်ပြောင်းများ၊ ဒုံးကျည်များနှင့် ပစ်ခတ်တိုက်ခိုက်မှု၊ လက်လုပ်ဗုံးဖြင့် တိုက်ခိုက်မှုများကို ဟန့်တားနိုင်ခြင်းမရှိကြောင်း သိရသည်။

အမေရိကန်တို့လေ့ကျင့်ပေးထားသော အီရတ်လုံခြုံရေးနှင့် ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် ဖော်လူဂျာနှင့် နာဂျက်ဖ်မြို့ ပဋိပက္ခဖြစ်ရပ်များတွင် ပါဝင်ဆောင်ရွက်မှုမရှိဘဲ အီရတ်ပြောက်ကျားတို့နှင့် ပူးပေါင်းသွားခြင်းက အမေရိကန်တို့အတွက် အားနည်းချက်တစ်ရပ် ဖြစ်စေခဲ့သည်ဟု ဆိုသည်။

(စီအင်န်အင်န်)

ကန်တပ်ဖွဲ့များနှင့် အီရတ်လက်နက်ကိုင်များ တိုက်ခိုက်နေကြဆဲ

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်နိုင်ငံအနောက်ပိုင်း ဖော်လူဂျာမြို့၌ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ရယူထားသည်မှာ သီတင်းသုံးပတ်မြောက်အဖြစ် ယနေ့စတင်ခဲ့ပြီဖြစ်သော်လည်း အပြန်အလှန် တိုက်ပွဲများ နေ့စဉ်နှင့်အမျှ ဖြစ်ပွားလျက်ရှိနေသည်။

အီရတ်နိုင်ငံရှိ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ၏ အခြေအနေမှာ မတိုးသာမဆုတ်သာ အခြေအနေတွင်းသို့ ရောက်နေကြသည်။ ဖော်လူဂျာမြို့တွင်းရှိ စာသင်ကျောင်းတစ်ကျောင်း၌ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များသည် ၎င်းစာသင်ကျောင်းနှင့် ကိုက် ၂၀၀ ခန့်အကွာ၌ အီရတ်လက်နက်ကိုင်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ အီရတ်လက်နက်ကိုင်များသည်ဒုံးပစ်လောင်ချာများကို အသုံးပြုပြီး ပစ်ခတ်တိုက်ခိုက်ဖွယ်ရှိကြောင်း အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက ယုံကြည်ခဲ့ကြသည်။

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များသည် အီရတ် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ တည်ရှိရာ နေရာကို ချေမှုန်းတိုက်ခိုက်နိုင်ခြင်းမရှိနိုင်ကြောင်း ယမန်နေ့ညနေပိုင်း၌ အမေရိကန်တို့ စခန်းချရာနေရာသို့ အီရတ် လက်နက်ကိုင်လက်ဖြောင့်တပ်သားများက ပစ်ခတ်ခဲ့ခြင်းကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များအဖို့ အကျဉ်းအကျပ် အခြေအနေတွင်းသို့ ရောက်ရှိနေကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ပြင်သစ်နှင့် ဂျော်ဒန် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦး အီရတ်နှင့်အရှေ့အလယ်ပိုင်းကိစ္စ ပါရီ၌ဆွေးနွေး

ပါရီ ဧပြီ ၂၅

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မီချယ်ဘာနီယာသည် အီရတ်နိုင်ငံနှင့် အရှေ့အလယ်ပိုင်း ပြဿနာများကို ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး မာဝမ်မိုရှာနှင့် သောကြာနေ့က တွေ့ဆုံဆွေးနွေးသည်။

ဒေသဆိုင်ရာ အခြေအနေနှင့် စပ်လျဉ်း၍ မိမိတို့၏ စူးစမ်းလေ့လာမှုများသည် အလွန်နီးကပ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ ဟာဗေးလက်ဒ်ဆူးက ပြောကြားသည်။

ပြောင်းလဲမှုတစ်ရပ်

ပြင်သစ်နိုင်ငံသည် အီရတ်တွင် နိုင်ငံရေးဖြေရှင်းချက်တစ်ရပ်ကို ထောက်ခံပြီး ဇွန် ၃၀ ရက်၌ အီရတ်တို့အား အချုပ်အခြာအာဏာလွှဲပြောင်းရေးအတွက် အချိန်ကန့်သတ်ချက်သည် အခြေခံပြောင်းလဲမှုတစ်ရပ် ဖြစ်မည်ဟု မျှော်လင့်ထားသည်။

ဂျော်ဒန်ဘုရင် အဗ္ဗဒူလာသည် မတ်လထဲ၌ ပြင်သစ်သို့သွားရောက်လည်ပတ်ခဲ့ပြီး အမေရိကန် အဆိုပြုထားသော အာရပ်နိုင်ငံများ ဒီမိုကရေစီကျင့်သုံးရေး ရည်ရွယ်သည့် မဟာအရှေ့ အလယ်ပိုင်းနှင့်စပ်လျဉ်း၍ သမ္မတဂျက်ရှီရက်နှင့် ဆွေးနွေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်သို့ ကနေဒါတပ်များ လွှတ်မည်မဟုတ် ကနေဒါအတိုက်အခံ ခေါင်းဆောင်ပြောကြား

တိုရွန်တို ဧပြီ ၂၆

ကနေဒါ အတိုက်အခံခေါင်းဆောင် စတီဗင်ဟာပါက မိမိသာ ဝန်ကြီးချုပ်အဖြစ်အရွေးခံရပါက အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည် မဟုတ်ဟု တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

အာဖဂန်နစ္စတန် ဘော့စနီးယားနှင့် ဟေတီတို့၌ တပ်ဖွဲ့ဝင်များထားရှိသော ကနေဒါနိုင်ငံသည် အီရတ်နိုင်ငံအား အမေရိကန်ဝင်ရောက်တိုက်ခိုက်ခြင်းကို ဆန့်ကျင်ခဲ့ပြီး ပြီးခဲ့သောလက ၎င်း၏တပ်ဖွဲ့ဝင်များကို အီရတ်သို့ စေလွှတ်မည် မဟုတ်ကြောင်းပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဖော်လူဂျာနှင့် နာဂျက်ဖ်တွင် စစ်ရေးဖြင့်ဖြေရှင်းမှု မှားယွင်းကြောင်း ကုလသံတမန်ဘရာဟီမီက ဘုရှ်အစိုးရကို သတိပေးပြောကြား

ဝါရှင်တန် ဧပြီ ၂၆

အီရတ်ကြားဖြတ်အစိုးရအဖွဲ့ မူကြမ်းကို ကူညီရေးဆွဲပေးနေသော ကုလသမဂ္ဂသံတမန်က အမေရိကန်တပ်ဖွဲ့ဝင်များ ဝိုင်းထားသော ဖော်လူဂျာတွင် သတိထားဆောင်ရွက်ရန် သမ္မတဂျော့ဒဗလျူဘုရှ်၏ အစိုးရအား တနင်္ဂနွေနေ့က တိုက်တွန်းလိုက်သည်။

သတိပေး

ထို့ပြင် ဒေါသထွက်နေကြသော ဖော်လူဂျာမြို့လူထုနှင့်လည်း ပြဒါးတစ်လမ်းသံတစ်လမ်း မဖြစ်စေရန် ကုလသမဂ္ဂသံတမန်က တိုက်တွန်းပြောဆိုသည်။ နာဂျက်ဖ်မြို့နှင့်ပက်သက်၍ အကယ်၍အမေရိကန်တပ်ဖွဲ့ဝင်များသည် နာဂျက်ဖ်မြို့ထဲဝင်ပြီး အီရတ် ခေါင်းဆောင်ကို ရှာဖွေဖမ်းဆီးမည်ဆိုလျှင် ဘေးအန္တရာယ်ကပ်ဆိုးကြီး ကျရောက်လာနိုင်ကြောင်း ကုလသမဂ္ဂသံတမန်လက်ခ်ဒါဘရာဟီမီက သတိပေး ပြောကြားခဲ့သည်။

မှားယွင်း

နာဂျက်ဖ်မြို့ကို တင့်ကားများစေလွှတ်ခြင်းသည် မှန်ကန်သောလုပ်ရပ်မဟုတ်ကြောင်း၊ အမေရိကန်တို့နေဖြင့် ယခုအခါ ကောင်းကောင်း သိကြပြီဟု မိမိထင်ကြောင်း ပါရီ၌သောကြာနေ့ကပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းတွင် ဘရာဟီမီကပြောကြားသည်။

ထို့ပြင် ဘရာဟီမီက ပြဿနာတစ်စုံတစ်ရာကို စစ်အင်အားသုံး ဖြေရှင်းခြင်းသည် မှားယွင်းသော အဖြေဖြစ်ကြောင်း အထူးသဖြင့်ဖော်လူဂျာနှင့် နာဂျက်ဖ်ကို စစ်ရေးဖြင့် ဖြေရှင်းခြင်းသည် မှားကြောင်းပြောဆိုသည်။

ပြစ်ဒဏ်ခတ်

နာဂျက်ဖ်မြို့အား ဝိုင်းထားခြင်းနှင့်စပ်လျဉ်း၍ အီရတ်မှမထွက်ခွာမီ ဘရာဟီမီကပြောကြားရာ၌ ဝိုင်းထားခြင်းသည် ဖော်လူဂျာလူထုအား လက်ခံနိုင်စရာမရှိသော အပြစ်ဒဏ်ခတ်ခြင်းပင်ဖြစ်ကြောင်းလည်း ပြောဆိုသည်။ **(အင်တာနက်)**

ဧပြီ ၂၆ရက်က ဘဂ္ဂဒက်မြို့တွင်ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အမေရိကန် စစ်ယာဉ်တစ်စီးပေါ်တွင် အီရတ်တို့အောင်ပွဲခံနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အယ်ဆာဗေဒိုတပ်များ ရုပ်သိမ်းရေး လေ့လာဆန်းစစ်ရမည်ဟုသမ္မတဖလောရက်စ်ပြောကြား

ဆန်ဆာဗေဒို (အယ်ဆာဗေဒို) ဧပြီ ၂၆

အယ်ဆာဗေဒိုနိုင်ငံသည် အမေရိကန်ပြည်ထောင်စုက ကြိုးပမ်းလင့်ကစား အီရတ်မှ ၎င်း၏တပ်ဖွဲ့ဝင်များကို ဇွန်လနောက်ပိုင်း၌ ရုပ်သိမ်းမည် မသိမ်းမည်ကို မဆုံးဖြတ်ရသေးကြောင်း သမ္မတဖရန်ဆစ်ကိုဖလောရက်စ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အယ်ဆာဗေဒိုသည် ဇွန် ၃၀ရက် အထိ တိုင်အောင် အီရတ်၌ ပြုပြင် ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၏တာဝန် ကို ထမ်းဆောင်လျက်ရှိကြောင်းနှင့် ဆက်လက်၍ တပ်ဖွဲ့ဝင်များထားရှိရေး သည် လေ့လာဆန်းစစ်ရမည့်အရာ ဖြစ်လိမ့်မည်ဖြစ်ကြောင်း ဖလောရက်စ်၏ ပြောကြားချက်ကို ဆာဗေဒိုနေ့စဉ် သတင်းစာများက ကိုးကားဖော်ပြ သည်။

တပ်ဖွဲ့ဝင် ၃၈၀ ပါဝင်သည့် အယ်ဆာဗေဒိုတပ်သည် အီရတ်၌စပိန် စစ်ဌာနချုပ်အောက်၌ရှိကြောင်း၊ စပိန် တပ်ဖွဲ့များသည် မေလကုန်တွင် ရုပ် သိမ်းဖွယ် ရှိကြောင်း သတင်းစာများ က ရေးသားဖော်ပြသည်။ အီရတ် ကြားဖြတ် အစိုးရသည် ဇွန် ၃၀ရက် တွင် အုပ်ချုပ်ရေးအရ လွှဲပြောင်း ယူပြီးနောက် နိုင်ငံအချို့ ဖြစ်သည့် နော်ဝေ၊ နယ်သာလန်နှင့် အယ်ဆာ ဗေဒိုစသော စုစုပေါင်းတပ်ဖွဲ့ဝင် ၂၀၀၀ နီးပါး အီရတ်၌ ရှိမည့်နိုင်ငံအချို့သည် အီရတ်၌နေမည်ဟု မျှော်လင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကော လင်းပါဝဲလ်က သောကြာနေ့တွင် ပြောကြားသည်။

အယ်ဆာဗေဒို၏ ကနဦးအစီအစဉ် သည် ဩဂုတ်လအစပိုင်းထိ ယင်း၏ တပ်များ အီရတ်၌ ထားရှိမည် ဖြစ် ကြောင်း သို့သော်လည်း အမေရိကန် ဦးဆောင်သည့် နော်ဝေကဲ့သို့နိုင်ငံ များသည် ဇွန်လကုန်တွင်တပ်များ ရုပ်သိမ်းမည်ဟု မျှော်လင့်ရကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်စစ်ပွဲအီတလီပါဝင်ခဲ့မှု ပြည်သူများဆန့်ကျင်ဆန္ဒပြ

ရောမ ဧပြီ ၂၆

အီတလီနိုင်ငံ၏(၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို တနင်္ဂနွေနေ့က ကျင်းပခဲ့ရာအဆိုပါအထိမ်းအမှတ်နှင့် အတူ အီရတ်စစ်ပွဲတွင် အီတလီနိုင်ငံ ပါဝင်နေမှုအား ပြည်သူလူထု ထောင် ပေါင်းများစွာက ဆန့်ကျင်ကြောင်း ပြသခဲ့ကြသည်။ အီတလီနိုင်ငံ မီလန် မြို့တွင် လူပေါင်းငါးသောင်းခန့်က အီရတ်စစ်ပွဲတွင် အီတလီပါဝင်မှုကို ဆန့်ကျင်ကြောင်း အေးချမ်းစွာဆန္ဒ ပြခဲ့ကြသည်။ အဆိုပါအခြေအနေများ ကြောင့် အီတလီအစိုးရသည် အီရတ် နိုင်ငံမှ အီတလီတပ်ဖွဲ့ဝင်များအား ပြန်လည် ခေါ်ယူရန် ဖိအားပေးမှု သစ်များနှင့် ရင်ဆိုင်ကြုံတွေ့လာရ သည်။ **(စီစီတီဗွီ)**

စောင့်ကြပ်

ဧပြီ ၂၆ရက်က ဖော်လူဂျာ မြို့ပြင်တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြောက်ကျားများ လက်နက်ချမည်မဟုတ် အမေရိကန်လွှတ်တော်အမတ်တစ်ဦးပြောကြား

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်နိုင်ငံအနောက်ဘက်ဖော်လူဂျာမြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက တစ်ဟုန်ထိုးစီးနင်း ဝင်ရောက်ခဲ့ပြီး အီရတ်ပြောက်ကျားများနှင့် စေ့စပ်ညှိနှိုင်းခဲ့ရာ တိုးတက်မှုအနည်းငယ်ရှိခဲ့ကြောင်း အမေရိကန်တို့က ပြောကြားခဲ့သည်။ ယင်းစေ့စပ်ညှိနှိုင်းမှုသည် တစ်ရက်ကြာမြင့်ခဲ့သည်။

အမေရိကန်နှင့် အပေါင်းပါတို့က အီရတ် ပြောက်ကျားများကို လက်နက်များလွှဲအပ်ရန် နောက်ဆုံးနေ့အဖြစ် အင်္ဂါနေ့ကို သတ်မှတ်လိုက် သည်။ ထို့အပြင် လာမည့်အင်္ဂါနေ့တွင် အမေ ရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အီရတ် ရဲတပ်ဖွဲ့ဝင်များသည် နာဂျက်ဖ်မြို့တွင်း၌ ပူးတွဲ ကင်းလှည့်မှုများစတင်ဆောင်ရွက်ကြမည် ဖြစ်သည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး အမေ ရိကန်နှင့်အပေါင်းပါအရာရှိများနှင့် အမေရိကန် အောက် လွှတ်တော်အမတ်အချို့သည် သံသယ ဖြစ်လျက်ရှိသည်။ အီရတ်ပြောက်ကျားများသည် လက်နက်ချမည်မဟုတ်ကြောင်း အမေရိကန် လွှတ်တော်အမတ်တစ်ဦးက ပြောကြားခဲ့သည်။

ထုတ်ပြန်

ထို့အပြင် အမေရိကန်နှင့် အပေါင်းပါ အရာရှိများကဖော်လူဂျာမြို့နှင့် ပတ်သက်၍ စိုးရိမ် ရသော အခြေအနေများကို ဖော်ထုတ် ပြောကြား ခဲ့သည်။ အီရတ်ခေါင်းဆောင် ဆာဒါထိန်းချုပ် ထားသော နာဂျက်ဖ်မြို့နှင့် ပတ်သက်ပြီး သတိ ပေးချက်များကို ထုတ်ပြန်ခဲ့သည်။ ဤအတော အတွင်း အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏အကူအညီ ရရှိ ရန်ကြိုးပမ်းဆောင်ရွက်မှုတွင်အမေရိကန် သမ္မတ ဘုရှ်အစိုးရအဖွဲ့မအောင်မြင်ခဲ့သည့် အပေါ် အမေ ရိကန်နိုင်ငံရေး ပါတီကြီးနှစ်ခု စလုံးမှ ဥပဒေပြု အမတ်များက ပြစ်တင်ဝေဖန်ခဲ့ကြသည်။

ပြောကြား

အမေရိကန်များသည် ဝန်ထုပ် ဝန်ပိုးကြီး ကို ထမ်းဆောင်နေကြကြောင်း၊ အမေရိကန် တပ်ဖွဲ့ဝင်များ၏ အကျအဆုံးမှာ အများဆုံး ဖြစ်ကြောင်း၊ အမေရိကန်ဆီးနိတ် အမတ် တစ်ဦးက ပြောကြားခဲ့သည်။

ကြန့်ကြာမည်

အီရတ်တို့ထံ အချုပ်အခြာအာဏာ လွှဲပြောင်းပေးရမည့် နောက်ဆုံးရက်ရောက်ရှိရန် သီတင်းဆယ်ပတ် ခန့်သာကျန်ရှိတော့ကြောင်း၊ အီရတ်ရှိ အလွန် စိုးရွှားသော အခြေအနေများကို ဖြေရှင်းနိုင်ရန်မှာ ကြန့်ကြာဦးမည်ဖြစ်ကြောင်း အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စား လှယ် လက်ခ်ဒါဘရာဟီမီက ပြောကြားခဲ့ သည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်၌ ကန်တပ်ဖွဲ့ဝင်များ၏မဆင်မခြင်ပစ်ခတ်မှု အီရတ်ပြည်သူများစွာ သေကျေဒဏ်ရာရခဲ့ကြရ

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်နိုင်ငံ၌ ပြီးခဲ့သောသီတင်းပတ်ကုန်ရက်များအတွင်း အမေရိကန်နှင့်အပေါင်းအပါတပ်များနှင့် အီရတ်ပြည်သူတို့ အသေ အပျောက်နှုန်းမြင့်တက်လာခဲ့သည်။

ဘဂ္ဂဒက်မြို့၌ တနင်္ဂနွေနေ့က လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး နှစ်ဦးထိခိုက်ဒဏ်ရာရ ရှိသွားသည်။ ယင်းလမ်းဘေး ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အမေ ရိကန်တပ်ဖွဲ့ဝင်များက မဆင်မခြင်ပစ်ခတ်ခဲ့ရာ အီရတ်ပြည်သူများစွာ ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။

ဖြစ်ပွား

အီရတ်နိုင်ငံသို့ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် လျှို့ဝှက် လာရောက်ခဲ့ခြင်းနှင့်တိုက်ဆိုင်စွာ ယခုကဲ့သို့သွေးစွန်းသော တိုက်ခိုက်မှုများ ဖြစ်ပွားခြင်း ဖြစ်သည်။

ဤအတောအတွင်း ကမ်းခြေအလွန် ၁၀ ကီလိုမီတာအကွာရှိ ပင်လယ်ကွေ့ထဲ၌ လွန်ခဲ့သောညက အီရတ်နိုင်ငံ၏ အဓိကရေနံ တင်ပို့ရာ ဆိပ်ကမ်းသို့ အီရတ်အသေခံဗုံးခွဲသူများက ဗုံးခွဲတိုက်ခိုက် ရန်ကြိုးပမ်းခဲ့သည်။

ခွင့်ပြု

ဤအတောအတွင်း တိုက်ခိုက်မှု အများဆုံးဖြစ်ရာ ဖော်လူဂျာ မြို့၌ တိုက်ပွဲများကြောင့် မြို့ကိုစွန့်ခွာ ထွက်ပြေးခဲ့သော မိသားစု ၆၀ကျော်ကို ပြန်လည်ဝင်ရောက်နေထိုင်ရန် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက ခွင့်ပြုခဲ့သည်။ တစ်ချိန်တည်းမှာပင် အမေရိကန်နှင့်အပေါင်းအပါတို့က အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို သင်တန်းပေးလျက်ရှိပြီး ၎င်းမြို့ကို အီရတ်ရဲတပ်ဖွဲ့ဝင်များက ပြန်လည် ထိန်းချုပ်နိုင်စေရန်ရည်ရွယ်ပြီး သင်တန်းစာပေးခဲ့ခြင်း ဖြစ်သည်။ **(စီအင်န်အင်န်)**

မိုဆူးလ်ရှိ ဆေးရုံ၊ ဟိုတယ်နှင့် ရဲအဆောက်အအုံတစ်ခု

ဒုံးကျည်များထိမှန်၍ အီရတ်လေးဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရ

မိုဆူးလ်(အီရတ်) မေ ၂၆

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် ဆေးရုံတစ်ရုံ၊ ဟိုတယ်တစ်ခုနှင့် ရဲအထောက်အကူပြု အဆောက်အအုံတစ်ခုတို့ကို ကက်ယူရှားဒုံးကျည်များ တနင်္ဂနွေနေ့က ထိမှန်သဖြင့် ဆေးရုံဝန်ထမ်းနှစ်ဦး ဒဏ်ရာရသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ဒုံးကျည်တစ်စင်းသည် ဘဂ္ဂဒက်မြောက်ဘက် မိုင် ၂၄၀ ရှိ အဆိုပါ မိုဆူးလ်မြို့ရှိ ဆလမ်(ငြိမ်းချမ်းရေး)ဆေးရုံကို ထိမှန်ခဲ့သဖြင့် ဆေးရုံဝန်ထမ်း အမျိုးသမီးနှစ်ဦးသေဆုံးပြီး အခြား ၁၀ ဦး ဒဏ်ရာရခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ထိုသို့ ဆေးရုံအား ဒုံးကျည်ထိမှန်ပြီးနောက် တစ်နာရီမရှိမီ ဒုတိယဒုံးကျည်သည် မြို့လယ်ရှိ အက်ရှ်ရှားဟိုတယ်ကိုထိမှန်ခဲ့ပြီး ဟိုတယ်အကြီးအကျယ်ပျက်စီးကာ လူသုံးဦးဒဏ်ရာရခဲ့သည်။

သေဆုံး

ဒဏ်ရာရသူနှစ်ဦးမှာ ဟိုတယ်အလုပ်သမားများဖြစ်ပြီး ရရှိသောဒဏ်ရာဖြင့် နောက်ပိုင်း၌ ဆေးရုံတွင် သေဆုံးသွားသည်။

တတိယဒုံးကျည်သည် မိုဆူးလ်မြို့၏ ဝါဒီဟာဂျာအရပ်ရှိ ရဲဌာနချုပ်၏နံဘေး ရဲမော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးဌာနကို ထိမှန်ခဲ့သဖြင့် ရဲနှစ်ဦး ဒဏ်ရာရခဲ့သည်။

လွဲချော်

အမေရိကန်ဆန့်ကျင်ရေး ပြောက်ကျားများသည် အမေရိကန်အခြေစိုက်များနှင့် ရဲစခန်းများကို ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် ပုံမှန်ပစ်ခတ်လေ့ရှိပြီး တစ်ခါတစ်ရံ ပစ်မှတ်လွဲချော်ကာ လူနေအိမ်များကို ထိမှန်တတ်သည်။

အမ်အင်အေ၊ ရိုက်တာ

နိုင်ငံတကာ သတင်းများ

ပျောက်ဆုံးနေသော ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်းအတည်ပြုချက်ထုတ်ပြန်

ရာလေး မေ ၂၅

မေ ၉ ရက်၌ အမေရိကန်စစ်ယာဉ်တန်းတစ်ခု တိုက်ခိုက်ခံရချိန်မှစပြီး ပျောက်ဆုံးနေခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးကြောင်းကို စစ်ဘက်ဆိုင်ရာက စနေနေ့၌ အတည်ပြုပြောကြားသည်။

ထို အမေရိကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရမှုဖြစ်ပွားရာ၌ ပြန်ပေးဆွဲခြင်းခံခဲ့ရသော အခြားတပ်ဖွဲ့ဝင်တစ်ဦးနှင့် ကန်ထရိုက်တစ်ဦးမှာမူ ပျောက်ဆုံးနေမြဲဖြစ်သည်ဟုဆိုသည်။ ပျောက်ဆုံးနေခဲ့သော တပ်ကြပ် အဲလ်မာကာရှော့စ်၏အလောင်းကို သောကြာနေ့က တွေ့ရှိခဲ့ကြောင်း ကာကွယ်ရေးဌာနကထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

ပါဝင်

တပ်ကြပ်ကရှော့စ်သည် ဘဂ္ဂဒက်မြို့ပြင်၌တိုက်ခိုက်ခံရသော ယာဉ်တန်း၌ ပါဝင်ခဲ့သူဖြစ်သည်။

ဝင်ရောက်

၎င်းသည် အမှတ် ၇၂၄ ပို့ဆောင်ရေးအရန်တပ်၌ တာဝန်ချထားခံခဲ့ရသည်။ ကရှော့စ်သည် ၁၉၈၇ ခုနှစ်၌ ပို့ဆောင်ရေးအရန်တပ်သို့ ဝင်ရောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်၌ တပ်ကြပ်ရာထူးသို့ တိုးမြှင့်ခံခဲ့ရသည်။

(အင်တာနက်)

ဘဂ္ဂဒက်၌ အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းရှာဖွေစဉ် ပေါက်ကွဲမှုကြီးဖြစ်ပွား၍ ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၆

ဓာတုလက်နက်ပစ္စည်းများ ထုတ်လုပ်သည်ဟု မသင်္ကာသော ဆိုင်ရှင်တစ်ဦးကို ဘဂ္ဂဒက်အရှေ့မြောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းရှာဖွေစဉ် ပေါက်ကွဲမှုကြီး တနင်္လာနေ့ကဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာပြောခွင့်ရှိသူက ပြောကြားသည်။

အမေရိကန်နှင့် အပေါင်းပါ တပ်များက အဆိုပါဆိုင်ရှင်နှင့် အပေါင်းဖော်များသည် အကြမ်းဖက်သမားများ၊ ရာဇဝတ်ကောင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများကို ဓာတုလက်နက်များပေးကြောင်း သံသယဖြစ်ခဲ့ကြသည်ဟု အမေရိကန်ဗိုလ်မှူးချုပ် မာ့ခ်ကင်မ်မစ်က ပြောကြားသည်။

ဖြစ်ပွား

အဆိုပါမသင်္ကာမှုနှင့် အခြားထောက်လှမ်းရေးသတင်းများအပေါ် အခြေခံပြီး မိမိတို့၏တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းရှာဖွေစစ်ဆေးစဉ် ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု ကင်မ်မစ်က ပြောကြားသည်။

မပြောဆို

ထိုသို့ အမေရိကန်တပ်ဖွဲ့ဝင်များက မသင်္ကာသောဆိုင်ပိုင်ရှင်နေထိုင်ရာနေရာကို ဝင်ရောက်စီးနင်းစဉ် အီရတ်၏ ဓာတုဗေဒနှင့် ဇီဝဗေဒလက်နက်များကို ရှာဖွေနေသော အမေရိကန်ဦးဆောင်သည့် အဖွဲ့အစည်းဖြစ်သော အီရတ်စူးစမ်းလေ့လာရေးအုပ်စု ပါမပါကို ကင်မ်မစ်က ဖော်ထုတ်ပြောဆိုခဲ့ခြင်းမရှိဟု ဆိုသည်။

ယင်းသို့ ဝင်ရောက်စီးနင်းရာ၌ ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ရာတွင် အခြားအမေရိကန်တပ်ဖွဲ့ဝင် ငါးဦးအပြင် အီရတ်ရှစ်ဦးဒဏ်ရာရခဲ့သည်ဟု ကင်မ်မစ်က ပြောကြားသည်။

(အင်တာနက်)

မေ ၂၆ ရက်က ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ရေနံတင် ကားတစ်စီးအနီး၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ စစ်ဆေးကြည့်ရှုနေကြသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗုံးပေါက်ကွဲ

မေ ၂၆ ရက်က ဘဂ္ဂဒက် လေဆိပ်သို့သွားသည့် အဝေးပြေး လမ်းမပေါ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားစဉ် စစ်ယာဉ်တစ်စီးကို အကာအကွယ် ယူထားသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရေနံစက်ရုံကြီးနှစ်ရုံ ရေကြောင်းမှ ဗုံးခွဲတိုက်ခိုက်ခံရ

ရေနံတင်ပို့ရေးလုပ်ငန်းများ ရပ်ဆိုင်းသွား

ဘဂ္ဂဒက် မေ ၂၆

ပင်လယ်ကွေ့ရှိ ရေနံအထောက်အကူပြု အဆောက်အအုံများကို အသေခံပြီး ရေယာဉ်ဖြင့် ဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် အီရတ်နိုင်ငံ ရေနံစက်ရုံကြီးနှစ်ရုံသည် တစ်နေ့တာမျှ ရေနံတင်ပို့ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရသည်။ ရေနံစည်တစ်သန်းနီးပါးတင်ပို့မှု ထိခိုက်နစ်နာခဲ့ရပြီး တင်ပို့မှုတန်ဖိုး ဒေါ်လာ ၂၈သန်းမျှ ဆုံးရှုံးခဲ့ရသည်ဟု အီရတ်ရေနံဝန်ကြီးက ပြောကြားသည်။

တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် နာရီ အနည်းငယ်အကြာ၌ ရေနံတင်ပို့ရေး စက်ရုံတစ်ရုံကို ပြန်ဖွင့်နိုင်သော်လည်း ဒုတိယရေနံတင်ပို့ရေး စက်ရုံဖြစ်သည့် အယ်လ်ဘာဆာရာ ရေနံတင်ပို့ရေးစက်ရုံသည် တနင်္လာနေ့ထက်စောပြီး ပြန်ဖွင့်နိုင်မည်မဟုတ်ကြောင်း ရေနံဝန်ကြီး အီဘရာဟင်ဘာဟာအယ်လ်အူလွမ်က ပြောကြားသည်။

ထိုအတောအတွင်း ရေယာဉ်ဖြင့် တိုက်ခိုက်မှု၌ ဒဏ်ရာရခဲ့သော အမေရိကန် ကမ်းရိုးတန်းအစောင့်တပ်ဖွဲ့ဝင်တစ်ဦးမှာ စနေနေ့ညနေပိုင်း၌ သေဆုံးသွားခဲ့ရာ ဖောက်ခွဲတိုက်ခိုက်မှုတွင် တတိယမြောက်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်သည်။ ယင်း တိုက်ခိုက်မှု၌ အခြားအမေရိကန်တပ်ဖွဲ့ဝင် လေးဦးလည်း ဒဏ်ရာရခဲ့သည်။

နစ်နာဆုံးရှုံး

ရေယာဉ်များဖြင့် အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာတွင် ခေါ်ဝါအယ်လ်အာမာယာရေနံစက်ရုံ ပျက်စီးခဲ့သော်လည်း တနင်္ဂနွေနေ့ နံနက်ပိုင်း၌ လုပ်ငန်းပြန်လည် ဆောင်ရွက်နိုင်ခဲ့သည်။ ယင်း ရေနံစက်ရုံပျက်စီးသဖြင့် ရေနံစည် ၃၅၀၀၀၀ ခန့် ထုတ်လုပ်မှု နစ်နာဆုံးရှုံးခဲ့ရသည်ဟု အယ်လ်အူလွမ်က ပြောသည်။ ယင်းတိုက်ခိုက်မှုတွင် အယ်လ်ဘာဆာရာ ရေနံစက်ရုံရှိ လျှပ်စစ်ဓာတ်အားထုတ်စက်များ ပျက်စီးခဲ့သည်။ ဘာဆာရာ ရေနံစက်ရုံ မနက်ဖြန် တနင်္လာနေ့၌ ပြန်ဖွင့်နိုင်မည်ဟု အယ်လ်အူလွမ်က ပြောကြားသည်။

(အင်တာနက်)

ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး နျူကလီယားနည်းပညာ ထိန်းချုပ် အသုံးပြုနေ

စီဘာဒေါ့ဖ်(ဩစတြီးယား) မေ ၂၆

အာဖရိကတိုက်၌ လူသေစေသောရောဂါဖြစ်သည့် ငှက်ဖျားရောဂါကို ကူးစက်ဖြစ်ပွားစေသော ခြင်ကောင်များအား ကာကွယ်နှိမ်နင်းရန် ကြိုးပမ်းရာတွင် ကုလသမဂ္ဂသည် နျူကလီးယားနည်းပညာကို ထိန်းချုပ်အသုံးပြုလျက်ရှိသည်။

သန်းချီသေဆုံး

မေ ၂၅ ရက် တနင်္ဂနွေနေ့၌ အာဖရိကတိုက် ငှက်ဖျားရောဂါနေ့ဖြစ်ပြီး အစိုးရအဖွဲ့အစည်းများသည် အဆိုပါရောဂါကို အာရုံစိုက်ဆောင်ရွက်ကြမည်ဖြစ်သည်။ အာဖရိကတိုက်တွင် ငှက်ဖျားရောဂါကြောင့် တစ်နှစ်လျှင် အာဖရိကတိုက်သား သန်းပေါင်းများစွာ သေဆုံးခဲ့ရာအများစုမှာ ကလေးငယ်များဖြစ်ကြပြီး စုစုပေါင်း ပြည်တွင်းထုတ်ကုန် ဒေါ်လာ ၁၂ ဘီလီယံထက်မနည်း ဆုံးရှုံးနစ်နာခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

ဧပြီ ၂၇ ရက်က ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ရန်ကင်းမြို့နယ် အင်းလျားကန်ပေါင် လမ်းဘေးစင်္ကြံ ကျောက်ပြားအသစ်ခင်းမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့တော်စည်ပင်)

ရုပ်မြင်သံကြားလိုင်းသစ်ထုတ်လွှင့်နိုင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပ ပြည်သူများဗဟုသုတနှင့်သိကောင်းစရာများအပြင် ဖျော်ဖြေရေးအစီအစဉ်များပါဝင်မည်ဖြစ်

ရန်ကုန် ဧပြီ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်မြင်သံကြားလိုင်းသစ်ထုတ်လွှင့်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းနှင့် Forever Group မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပညာပေးရုပ်မြင်သံကြားလိုင်းတစ်ခုအဖြစ် MRTV-4 ကို မကြာမီ ထုတ်လွှင့်တော့မည်ဖြစ်ရာ ထုတ်လွှင့်မည့်အစီအစဉ်များ၊ ထုတ်လွှင့်ရေးဆိုင်ရာ စက်ပစ္စည်းများတပ်ဆင်ပြီးစီးမှုအခြေအနေ၊ MRTV-4 နှင့် ဖျော်ဖြေရေးအစီအစဉ်များ ဖမ်းယူနိုင်မည့် မြန်မာမီဒီယာစက် (MM Box)ဖြန့်ဖြူးနိုင်မည့်အခြေအနေနှင့် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို အသေးစိတ် တင်ပြညှိနှိုင်း ဆွေးနွေးကြစေလိုကြောင်း၊ MRTV-4 တွင် ထုတ်လွှင့်မည့် အစီအစဉ်များတွင် ပြည်သူများအတွက် ဗဟုသုတနှင့် သိကောင်းစရာများ ပါဝင်ရမည့် အပြင် ဖျော်ဖြေရေး အစီအစဉ်များလည်း ဝေဝေဆာဆာ ပါဝင်စေသင့်ကြောင်း ပြောကြားသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက MRTV-4ထုတ်လွှင့်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် Forever Group မှ ဦးဝင်းမော်နှင့် တာဝန်ရှိသူများက MRTV-4 ထုတ်လွှင့်နိုင်ရေးအတွက် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေ၊ MMBox တွင် ပြည်တွင်းပြည်ပ ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားနှင့် ဇာတ်လမ်းတွဲများ၊ ကာရာအိုကေ သီချင်းများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ထည့်သွင်းမည့် အခြေအနေများ၊ MMBox ဖြန့်ဖြူးရောင်းချရန်စီစဉ်ထားရှိမှုများကို တင်ပြသည်။ ဆက်လက်၍ MRTV-4 အစီအစဉ်များကို သရုပ်ပြ ထုတ်လွှင့်ပြသရာ ဝန်ကြီးနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မကြာမီ ထုတ်လွှင့်တော့မည့် MRTV-4 ရုပ်မြင်သံကြားလိုင်းတွင် ပြည်သူများ ဗဟုသုတကြွယ်ဝစေမည့် သိကောင်းဖွယ်ရာ အစီအစဉ်များအပြင် ဖျော်ဖြေရေး အစီအစဉ်များ ဝေဝေဆာဆာ ပါဝင်မည်ဖြစ်သည်။ MRTV-4 ကို ဖမ်းယူကြည့်ရှုနိုင်မည့် မြန်မာမီဒီယာစက် (MMBox)တွင် နေ့စဉ် ပြည်တွင်းပြည်ပ ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားသုံးကား၊ နိုင်ငံခြားဇာတ်လမ်းတွဲများ၊ တေးဂီတဖျော်ဖြေရေး အစီအစဉ်များ၊ ကာရာအိုကေတေးသီချင်းများကို ထည့်သွင်းပေးထားမည်ဖြစ်သည်။ ထို့အပြင် ပရိသတ်များအနေဖြင့် နှစ်သက်ရာအချိန်တွင် ပြန်လည်ကြည့်ရှုနိုင်မည့် အစီအစဉ်များ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြား ကောက်နုတ်ချက် အစီအစဉ်များ၊ နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်နှင့် လစဉ်ထုတ် မဂ္ဂဇင်းများကိုလည်း ဖတ်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် မြန်မာ့အသံရေဒီယို အစီအစဉ်များ၊ တိုင်းရင်းသား အစီအစဉ်များ အပါအဝင် Yangon City FM အစီအစဉ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် MMBox ဖြင့် နားဆင်နိုင်ရန် စုံလင်စွာစီစဉ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓမ္မာအဋ္ဌကထာ ကမ္မဋ္ဌာန်းဆရာ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ အဆိုပြိုင်ပွဲ
- ၈း၀၀ ၆။ တေးသရုပ်ဖော်အစီအစဉ်
- ၈း၁၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၂၀ ၈။ ဘော်ဘင်ရေလှောင်တမံ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Happy and Educational English Summer Course MRTV

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြု) (ရုက္ခဗေဒ)
- ၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအကတေးသံသာ
- ၁၇း၃၀ ၇။ သီချင်းကြီးပဒေသာ
- ၁၇း၄၅ ၈။ သက်တံရောင်သံစဉ်
- ၁၈း၀၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၈း၁၅ ၁၀။ Discovery
- ၁၈း၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၃။ ဖွံ့ဖြိုးသာယာ ပါဒကြီးကျေးရွာ
- ၁၉း၂၀ ၁၄။ တေးဂီတအစီအစဉ်
- ၁၉း၃၅ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၂၈)
- ၂၀။ နောက်တစ်နေ့အစီအစဉ်

မြဝတီရုပ်မြင်သံကြား

၂၈–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
- ၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Graphical Presentation (စီးပွားရေး၊ စီပွားစီမံ၊ အိမ်တွင်းစီးပွား)
- ၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း–၃)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၁၁)

တပ်မတော်(ရေ)ရေကြောင်းရဲညွှန့်လောင်းသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(ရေ)ရေကြောင်း ရဲညွှန့်လောင်း တန်းမြင့်နှင့် အခြေခံ သင်တန်းအမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၂၆ရက် နံနက် ၇နာရီခွဲတွင် ပုသိမ်မြို့ ကန်သာယာ သစ်တော ပျိုးဥယျာဉ်၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ ဟိုင်းကြီးတပ်နယ်မှ ဗိုလ်မှူးကြီး အေးဖေ၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီး အရာရှိကြီးများ၊ တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်း ၂၆မြို့နယ်မှ အခြေခံသင်တန်းသား၅၂ဦး၊ တန်းမြင့်သင်တန်းသား ၂၅ဦး စုစုပေါင်း၇၇ဦးတက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်(လေ)လေကြောင်းရဲညွှန့်လောင်း(အခြေခံ)သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်သည့် တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်း (အခြေခံ) သင်တန်းအမှတ်စဉ် (၁/၂၀၀၄) သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီတွင် တောင်ငူ၊ မြစ်ကြီးနားနှင့် မိတ္ထီလာမြို့များ၌ တစ်ပြိုင်တည်း ကျင်းပသည်။

ပဲခူးတိုင်း တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသော သင်တန်းဖွင့်ပွဲကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်နှင့် တပ်မတော် အရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်နှင့်ပဲခူးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက်သင်တန်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို တိုင်းအသင်းအတွင်းရေးမှူးဦးစောမော်ထွန်းက တိုင်းမှူးနှင့် တာဝန်ရှိသူများအား ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အရှေ့အာရှနှင့်ပစိဖိတ်မိသားစုဆိုင်ရာအစည်းအဝေးတက်ရောက်ရန် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်ထွက်ခွာ

ရန်ကုန် ဧပြီ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဧပြီ ၂၈ ရက်မှ ၃၀ ရက် အထိ ကျင်းပမည့် အရှေ့အာရှနှင့်ပစိဖိတ်မိသားစုဆိုင်ရာ အစည်းအဝေး (East-Asia-Pacific Ministerial Forum on Families)သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ ဒုတိယဝန်ကြီးနှင့် အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မိသားစုများက ရန်ကုန် အပြည် ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (အပေါ်ပုံ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအောင်နှင့်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်စွမ်းအားကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအ
စီမံကိန်းများ လေးနှစ်၊ ငါးနှစ်အတွင်း အကောင်အထည်ဖေ

နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေး ညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဝင် စွမ်းအင်ဝန် ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

★ *ကျောဖုံးမှ*

ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းက ဆောင်ရွက်သည်။

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပဏာမအမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးသည် နိုင်ငံတော်၏ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့်စပ်လျဉ်းပြီး ရှေ့ဆက်မည်သို့ အကောင်အထည်ဖော်သွားမည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးရန်ခေါ်ယူသည့် အစည်းအဝေးဖြစ်ကြောင်း။

ဆက်စပ်ဆက်နွယ်

လျှပ်စစ်စွမ်းအားကဏ္ဍသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားကဲ့သို့သော အဓိကကျသည့် ကဏ္ဍဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအား တိုးတက်ဖွံ့ဖြိုးမှုနှင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့သည် ဆက်စပ်ဆက်နွယ်လျက်ရှိကြောင်း။

လျှပ်စစ်စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆက်လက် အကောင်အထည်ဖော်ရာ၌ တိုင်းပြည်၏တည်ရှိနေသော သဘာဝသယံဇာတ စွမ်းအားအခြေအနေနှင့် အခြားဖြစ်ပေါ်နေသော အခြေအနေများအပေါ် တည်မှီ၍ အဆင့်ဆင့် အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း။

ယင်းသို့ အကောင်အထည်ဖော်ရာ၌ မဟာဓာတ်အားလိုင်းအတွင်း အကျုံးဝင်သည့် လျှပ်စစ်စီမံကိန်းလုပ်ငန်းကြီးများ ရှိသကဲ့သို့ နယ်မြေဒေသအလိုက် ဒေသတွင်း သုံးစွဲရန်အတွက် အကောင်အထည်ဖော်မည့် လျှပ်စစ်စီမံကိန်း လုပ်ငန်းများဟူ၍ နှစ်ပိုင်းရှိကြောင်း။

လျှပ်စစ်ဓာတ်အားပေးရေး

မဟာဓာတ်အားလိုင်းစနစ်အတွင်း အကျုံးဝင်သည့် လျှပ်စစ်စီမံကိန်းလုပ်ငန်းကြီးများသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်ပြီး အချက်အချာကျသည့် နယ်မြေဒေသများနှင့် အဓိက စက်မှုနယ်မြေများကို လျှပ်စစ်ဓာတ်အားပေးနိုင်ရန် ဖြစ်ကြောင်း။

ဒေသတွင်းသုံးစွဲရန် တည်ဆောက်သည့် လျှပ်စစ်စီမံကိန်းများသည် ဒေသအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် ရည်မှန်းတည်ဆောက်ခြင်းဖြစ်ကြောင်း။

မဟာဓာတ်အားလိုင်းအတွင်းထည့်သွင်းရန် တည်ဆောက်မည့်လျှပ်စစ်စီမံကိန်းကြီးများ

စဉ်	တည်ဆောက်မည့်စီမံကိန်း	တည်နေရာ	ထုတ်လုပ်နိုင်မည့်မဂ္ဂါဝပ်
၁။	ထမံသီစီမံကိန်း	စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်	၁၂၀၀ မဂ္ဂါဝပ်
၂။	မော်လိုက်စီမံကိန်း	စစ်ကိုင်းတိုင်း၊ မော်လိုက်မြို့နယ်	၄၀၀ မဂ္ဂါဝပ်
၃။	ရွှေစာရေးစီမံကိန်း	စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်	၆၆၀ မဂ္ဂါဝပ်
၄။	ပေါင်းလောင်းစီမံကိန်း	မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်	၈၄ မဂ္ဂါဝပ်
၅။	နန်ချိုစီမံကိန်း	မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်	၄၈ မဂ္ဂါဝပ်
၆။	အထက်ဆည်တော်ကြီးစီမံကိန်း	မန္တလေးတိုင်း၊ မတ္တရာမြို့နယ်	၆၅ မဂ္ဂါဝပ်
၇။	ကြီးအုံကြီးဝစီမံကိန်း	မကွေးတိုင်း၊ စေတုတ္တရာမြို့နယ်	၆၀ မဂ္ဂါဝပ်
၈။	ဘူးရွာ(မုန်း)စီမံကိန်း	မကွေးတိုင်း၊ ဘူးရွာ	၆၀ မဂ္ဂါဝပ်
၉။	နမ္မတူစီမံကိန်း	ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်	၃၆ မဂ္ဂါဝပ်
၁၀။	တာဆန်း(သံလွင်)စီမံကိန်း	ရှမ်းပြည်နယ်၊ တာဆန်း	၇၁၁၀ မဂ္ဂါဝပ်
၁၁။	နမ့်လန်စီမံကိန်း	ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်	၆၀ မဂ္ဂါဝပ်
၁၂။	ဘီလူးချောင်း(၃)စီမံကိန်း	ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်	၄၈ မဂ္ဂါဝပ်
၁၃။	ဘောဂတစီမံကိန်း	ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်	၁၆၀ မဂ္ဂါဝပ်
၁၄။	သောက်ရေခပ်စီမံကိန်း	ကရင်ပြည်နယ်၊ သံတောင်မြို့နယ်	၁၅၀ မဂ္ဂါဝပ်
၁၅။	ဟတ်ကြီးစီမံကိန်း	ကရင်ပြည်နယ်၊ ကမာမောင်းရွာ	၄၀၀+၂၀၀ မဂ္ဂါဝပ်
၁၆။	ဘီးလင်းစီမံကိန်း	မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်	၂၈၀ မဂ္ဂါဝပ်
၁၇။	တနင်္သာရီစီမံကိန်း	တနင်္သာရီတိုင်း	၆၀၀ မဂ္ဂါဝပ်
၁၈။	[illegible]	ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်	[illegible]

နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေး ညှိနှိုင်း အစည်းအဝေး တွင် နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယ ဗိုလ်မှူး ကြီး ဖေငြိမ်းက အခမ်းအနားမှူး အဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

စက်မှုနိုင်ငံတော်ဖော်ဆောင်

ယင်းလုပ်ငန်းနှစ်ပိုင်းလုံးကို ဟန်ချက်ညီညီ အကောင်အထည်ဖော်နိုင်ရန် Integrated Plan ရေးဆွဲရမည်ဖြစ်ကြောင်း၊ သို့မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်ကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ဖြစ်ပေါ်နေသော အစစမပြည့်စုံသေးသည့် အခြေအနေများနှင့် လက်ငင်းရင်ဆိုင်ကြုံတွေ့ရသည့် အခြေအနေများကြားမှ မိမိတို့ကြိုးစား၍ ယခုကဲ့သို့ လျှပ်စစ်စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်သည့်အခါ သက်ဆိုင်ရာဌာနအားလုံး စုစည်းပူးပေါင်းအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

ထိထိမိမိပံ့ပိုး

စီမံကိန်းလုပ်ငန်းများအပါအဝင် အခြေအနေအရပ်ရပ်ကို တညီတညွတ်တည်း နားလည်သဘောပေါက်ပြီး တာဝန်ခံဌာနများက ဖိဖိစီးစီး ကြိုးကြိုးစားစား အကောင်အထည်ဖော်ရမှာဖြစ်သကဲ့သို့ ပံ့ပိုးအထောက်အကူပြုရမည့် ဝန်ကြီးဌာနများကလည်း လိုအပ်သည်များကို ထိထိမိမိ ပံ့ပိုးအထောက်အကူပြုရမှာဖြစ်ကြောင်း။

ရွှေလီရေအားလျှပ်စစ်စီမံကိန်း

ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်း မြို့ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး ရွှေလီ မြစ်တွင် အကောင်အထည်ဖော်နေသော စီမံကိန်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား တစ်နှစ်ကီလိုဝပ်နာရီသန်းပေါင်း ၃၀၂၂ ထုတ်လုပ်နိုင် မည်ဖြစ်သည်။ (ဓာတ်ပုံမှတ်တမ်း-

ရေးအတွက် မောင်းနှင်အားကဲ့သို့သော အဓိကကျသည့်ကဏ္ဍဖြစ် ည်ဖော်ပြီးစီးမှ မိမိတို့ နိုင်ငံအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မည်

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဝင်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ဋ္ဌန့်တင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အားလိုအပ်ချက်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး မိမိတို့အကောင်အထည်ဖော်လျက်ရှိသော လျှပ်စစ်စီမံကိန်းအချို့မှာ ပြီးစီးတော့မည်ဖြစ်၍ ၂၀၀၄ခုနှစ်ကုန်ခန့်တွင် တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ အထိုက်အလျောက် အဆင်ပြေသွားမှာဖြစ်ကြောင်း။

ခြိုးခြံချွေတာသုံးစွဲ

သို့ရာတွင် တိုးတက်ရရှိလာသော လျှပ်စစ်ဓာတ်အားကို အဖြုန်းအတီး မရှိရအောင် ခြိုးခြံချွေတာသုံးစွဲကြရမှာဖြစ်ကြောင်း။

တစ်ဖက်ကလည်း လျှပ်စစ်စီမံကိန်းလုပ်ငန်းသစ်များကို အမြန်ဆုံးပြီးစီးအောင် အားထုတ်ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်းဖြင့်မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရေအားလျှပ်စစ်စီမံကိန်းများ

မဟာဓာတ်အားလိုင်းအတွင်းထည့်သွင်းရန် လက်ရှိတည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းကြီးများမှာ ၁၁ ခု ဖြစ်ပြီး ယင်းတို့မှာ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်ရရှိမည့် မကွေးတိုင်း စေတုတ္တရာမြို့နယ်မှ

စာမျက်နှာ ၁၂ ကော်လံ ၅

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီ အတွင်းရေးမှူး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လျှပ်စစ်စီမံကိန်းများရှင်းလင်းတင်ပြစဉ်။

(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပျဉ်းမနားမြို့ အရှေ့ဘက် ၁၁ မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက လယ်မြေဧက ၃၅၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား နှစ်စဉ်ကီလိုဝပ်နာရီ သန်းပေါင်း ၉၁၁ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရွှေစာရေးရေလှောင်တမံ

စစ်ကိုင်းတိုင်း မုံရွာမြို့ မြောက်ဘက်မိုင် ၂၀ ခန့်အကွာ ဘုတလင်မြို့နယ်ရှိ ရွှေစာရေးမြစ်ကျဉ်းတွင် ကျောက်ဖြည့်တမံအဖြစ် တည်ဆောက်မည့် ရွှေစာရေးရေလှောင်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ကိုတွေ့ရစဉ်။ (စီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ်မဂ္ဂါဝပ် ၆၆၀ ရရှိပြီး စိုက်ပျိုးမြေ ဧက ၁၅၀၀၀၀ခန့်ကို ရေပေးဝေနိုင်မည်ဖြစ်သည်။)

(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

သို့မှသာ လျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများသည် လေးနှစ်၊ ငါးနှစ်အတွင်း အကောင်အထည်ဖော်ပြီးစီးပြီး ဖွံ့ဖြိုးသွားမှာဖြစ်၍ မိမိတို့တိုင်းပြည်သည် အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်တော့မှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီ အတွင်းရေးမှူး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က မဟာဓာတ်အားလိုင်းအတွင်းထည့်သွင်းရန် လက်ရှိတည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းကြီးများ၊ မဟာဓာတ်အားလိုင်းအတွင်းထည့်သွင်းရန် လာမည့်လေးနှစ်ကာလအတွင်း တည်ဆောက်အကောင်အထည်ဖော်မည့် အနာဂတ် လျှပ်စစ်စီမံကိန်းကြီးများ၊ ဒေသတွင်းသုံးစွဲရန် အကောင်အထည်ဖော်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများ၊ ဒေသတွင်းသုံးစွဲရန် ဆက်လက်အကောင်အထည်ဖော်သွားမည့် လျှပ်စစ်စီမံကိန်းများ၊ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ သဘာဝ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဋ္ဌန့်တင်နှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

မွှာစရိယနှင့် ပထမပြန် စာမေးပွဲကျင်းပ

ရန်ကုန် မေ ၂၇

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြီးကြပ်မှုဖြင့် မွှာစရိယနှင့်ပထမပြန်စာမေးပွဲကို မေ ၁ရက်မှ ၉ရက်အထိ ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံအထက်တန်းကျောင်း၌ ကျင်းပရာ လွိုင်ကော်မြို့ သီရိမင်္ဂလာပုံကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာနှင့် ချီကယ်ကန္တာရဝတီကျောင်းဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များက ကြီးကြပ်ဆောင်ရွက်ပေးတော်မူကြသည်။ (ဝ၆၆)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

ရွှေပြည်သစ်ဆီသို့

ခေါင်ရေ (ဖောင်းဆိုင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသရဲ့ တောင်ပေါ်မြို့လေးဖြစ်တဲ့ ကွတ်ခိုင်မြို့မှ ကချင်အဆိုတော် လဖိုင်ဇော်ခမ်းသီဆိုထားတဲ့ **'စိတ်သဘောထားတွေညီညွတ်ဖို့လိုပြီ'** ဆိုတဲ့ သီချင်းတစ်ပုဒ် ရှိပါတယ်။ အဲဒီသီချင်းရဲ့ စာသားတွေကို စာရေးသူ အင်မတန် နှစ်သက်မိပါတယ်။ စာရေးသူတို့ အဇီးဘာသာစကားနဲ့ ဆိုထားတာဖြစ်တော့ အဓိပ္ပာယ်နားလည်မှုအပြင် ခံစားမှုကို မျှဝေရရှိနေတယ်။ စာဖတ်သူများကိုလဲ မျှဝေခံစားစေလိုတဲ့အတွက် အနည်းငယ်ဘာသာပြန်ဖော်ပြလိုပါတယ်။

"အမှောင်ထုထဲက တိုင်းရင်းသားညီအစ်ကိုတစ်တွေ
ယနေ့အချိန် လင်းအရုဏ်တန်းလာပြီ
ယနေ့တို့တစ်တွေ စည်းလုံးညီညွတ်ဖို့ လိုပြီ
တိုင်းရင်းသားတို့ ညီအစ်ကိုတွေ စိတ်သဘောညီညွတ်ပြီး
စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင်သွားရင်
မနက်ဖြန်မှာ ပိုပြီးသာယာမှုကို ရရှိမည်။
တိုင်းရင်းသားတို့တစ်တွေ ညီညွတ်ရင်
နောင်မှာ ပိုမိုကြီးပွားတိုးတက်လာမည်
အနာဂတ်အတွက် မျှော်မှန်းချက်ထားဖို့ လိုပြီ
တိုင်းရင်းသားညီအစ်ကိုတွေ ညီညွတ်ကြပြီး
လက်တွဲခိုင်မြဲနေကြရင်
သာယာပျော်ရွှင်သော ပြည်သစ်ကို ရရှိမည်မှာ မလွဲဧကန်အမှန်
ဖြစ်ပေသည်။
လွန်ခဲ့သော အချိန်များမှာ
သံသယစိတ်ဝင်ပြီး၊ စိတ်ဝမ်းကွဲခဲ့ကြလို့
ညီအစ်ကိုချင်း ရန်သူသဖွယ်တိုက်ကြခိုက်ကြ
တကွဲတပြား နေထိုင်ခဲ့ကြတဲ့
အချိန်တွေကုန်လွန်ခဲ့ပြီ။
တိုင်းရင်းသားတွေ သာယာပျော်ရွှင်လာဖို့
သံသယစိတ်ကင်းရှင်းစွာဖြင့်၊ ဝိုင်းဝန်းညီနှိုင်းတိုင်ပင်၍
ကြိုးစားအားထုတ်သွားရင်၊ တို့တိုင်းရင်းသားတွေ
သာယာပျော်ရွှင်မယ်"

ဆိုပြီး လဖိုင်ဇော်ခမ်းက ကချင်မျိုးနွယ်စု ဇိုင်ဝါး(အဇီး)အသံနဲ့ သီဆိုထားတဲ့ စာသားအဓိပ္ပာယ် ဖြစ်တယ်။

တစ်နိုင်ငံလုံး စိတ်ဝင်တစားကြည့်ရှုအားပေးခဲ့ကြတဲ့ မြဝတီရုပ်မြင်သံကြားမှ အခန်းဆက်ထုတ်လွှင့်ပေးခဲ့သော **'ပြည်သူ့တရားရှင်'** (ပေါင်ချိန်) ဇာတ်လမ်းတွဲ တေးသွားသံစဉ်ကိုယူပြီး သီဆိုခဲ့တဲ့ သီချင်းဖြစ်ပါတယ်။ ဒီသီချင်းဟာ စာသားအဓိပ္ပာယ်လဲ ကောင်းသလို သံစဉ်လဲ အများပြည်သူအမှတ်ရနေဦးမယ့်အတိုင်း မြူးကြွကောင်းမွန်တယ်။ အထက်က ပြောခဲ့သလိုပဲ ဒီသီချင်းရဲ့ အဓိပ္ပာယ်ကို စာရေးသူအလွန်ပဲ နှစ်သက်ပါတယ်။ အဆိုတော် ကိုဇော်ခမ်းအနေနဲ့ ဇိုင်ဝါး(အဇီး) မျိုးနွယ်စုအတွက် ရည်ရွယ်သီဆိုထားပေမယ့် စာရေးသူတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ လွန်ခဲ့သောအချိန်များကဖြစ်ပျက်ခဲ့တဲ့ နိုင်ငံအခြေအနေ၊ ယနေ့ဖြစ်ပေါ်လာသော အခြေအနေနှစ်ရပ်စလုံးကို ရည်ရွယ်စပ်ဆိုထားတဲ့ သီချင်းတစ်ပုဒ်လို ဖြစ်နေတယ်။

ဒီသီချင်းနဲ့ဆက်စပ်ပြီး အနည်းငယ်ဆက်လက်တင်ပြလိုတယ်။ စာရေးသူရဲ့ မွေးရပ်ဇာတိဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၊ တရုတ်ပြည်နဲ့ အနီးကပ်ဆုံး ထောင့်စွန်းဖောင်းဆိုင်ဒေသဖြစ်တယ်။ အစိုးရရုံးစိုက်ရာ မြို့နဲ့ ဝေးကွာပြီး အလွန်ချောင်ကျလှတဲ့ ဒေသဖြစ်တယ်။ လွတ်လပ်ရေးရပြီးစကာလမှာ စာရေးသူရဲ့အဘိုးဟာ ဖောင်းဆိုင်ကျေးရွာတစ်ဝိုက် ကလူထုကို စည်းရုံးခေါင်းဆောင်ပြီး ကိုယ့်နယ်မြေ၊ကိုယ့်ဒေသလုံခြုံရေးတပ်ဖွဲ့စည်းခဲ့တယ်။ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်မှာ တရုတ်ပြည်နဲ့ ချောင်းသာခြားတဲ့ စာရေးသူတို့ ဖောင်းဆိုင်ဒေသကို တရုတ်ဖြူတပ်များဝင်ရောက်ခဲ့တယ်။ စာရေးသူရဲ့အဘိုး ခေါင်းဆောင်တဲ့ ကျေးရွာကာကွယ်ရေးတပ်များနဲ့ နယ်မြေခံလူထုရဲ့ စုပေါင်း တိုက်ခိုက်မှုကြောင့် တရုတ်ဖြူတွေ ကြာရှည် တပ်စွဲမနေနိုင်ခဲ့ပါဘူး။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ရောင်စုံသောင်းကျန်းသူများပေါ်ပေါက်လာတဲ့ အခါမှာလဲ စာရေးသူတို့ ဖောင်းဆိုင်၊မုံးကိုး၊ ဟောမိုးလုံဒေသ ကျေးရွာကာကွယ် ရေးအဖွဲ့များဟာ တပ်မတော်နဲ့ လက်တွဲပြီး ကာကွယ်တိုက်ခိုက်ခဲ့ကြတယ်။ ၁၉၆၈ခုနှစ် ဇန်နဝါရီလ၁ရက်နေ့မှာ စာရေးသူတို့ဒေသကို ဗမာပြည်ကွန်မြူနစ် ပါတီအရှေ့မြောက်စစ်ဒေသအဖွဲ့များ စတင်ဝင်ရောက်လာခဲ့တယ်။ ဗကပ ဝင်လာတော့လဲ စာရေးသူတို့ကျေးရွာကာကွယ်ရေးများဟာ တတ်စွမ်းသမျှ ခုခံကာကွယ်ခဲ့ကြတယ်။ ၎င်းတို့က အင်အားကြီးမားတဲ့အတွက် ရပ်ရွာကိုစွန့်ခွာခဲ့ရတယ်။ အဲဒီအချိန်ကစပြီး ၁၉၈၉ခုနှစ်အထိ ဗကပရဲ့လက်အောက်မှာ ကျရောက်ခဲ့ရတယ်။ ပြန်တွေးကြည့်တဲ့အခါ လွတ်လပ်ရေးရပြီး မကြာမီမှာဘဲ တရုတ်ဖြူကျူးကျော်မှု၊ တရုတ်ဖြူပြီးတော့ ရောင်စုံလက်နက်ကိုင်အဖွဲ့များနဲ့ ဗကပများကြောင့် လွတ်လပ်ရေးဆိုတာ ဘာပါလိမ့်လို့ မေးရမယ့်သဘော ရှိတယ်။

ပြည်ပကျူးကျော်သူ တရုတ်ဖြူနဲ့ ဗကပအပါအဝင် ရောင်စုံသောင်းကျန်းသူများကို စာရေးသူတင်ပြခဲ့တဲ့အတိုင်း စာရေးသူရဲ့အဘိုး ခေါင်းဆောင်ခဲ့တဲ့ ကျေးရွာကာကွယ်ရေးများဟာ တပ်မတော်နဲ့ အတူလက်တွဲကာကွယ်တိုက်ခိုက်ကြတာ နောက်ဆုံးငြိမ်းချမ်းရေးရတဲ့အထိပါပဲ။ ကာကွယ်တိုက်ခိုက်ကြရင်းနဲ့ စာရေးသူရဲ့အစ်ကိုရင်းသုံးဦးနဲ့ ကျေးရွာသား ၁၉ဦး အသက်ပေးလှူခဲ့ရတယ်။ သို့ပေမယ့် ယနေ့အချိန်အထိလဲ သစ္စာရှိစွာနဲ့ တပ်မတော်နဲ့ လက်တွဲပြီး ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်လျက်ရှိကြဆဲဖြစ်တယ်။ စာရေးသူတို့ ဖောင်းဆိုင်၊ မုံးကိုးဒေသဟာ ရောင်စုံသောင်းကျန်းသူများရဲ့ ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးခံရလို့ ကိုယ့်ရွာကိုယ့်မြေမှာ မနေရဲကြလို့ မူဆယ်၊ ကွတ်ခိုင်၊ လားရှိုးမြို့နယ်များကို အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ပြောင်းရွှေ့နေတဲ့သူနေရ၊ တထိတ်ထိတ် တလန့်လန့် ဆွေတကွဲ မျိုးတကွဲဒုက္ခသုက္ခများကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရပါတယ်။ ပြည်တွင်းသောင်းကျန်းမှုဒဏ် ခါးစည်းခံခဲ့ရတဲ့ စာရေးသူတို့ဒေသက ပြည်သူများဟာ တပ်မတော်အစိုးရလက်ထက်မှာ ငြိမ်းချမ်းရေး ရရှိတဲ့အခါ အလွန်ကို ဝမ်းမြောက်ဝမ်းသာရှိခဲ့ကြတယ်။ ခုမှပဲ လွတ်လပ်ရေးရဲ့ အရသာ အပြည့်အဝခံစားကြရပြီလို့ ဆိုကြပါတယ်။ စာရေးသူတို့ဒေသက ပြည်သူများကတော့ နှစ်ရှည်လများ ခါးသီးတဲ့ ပြည်တွင်းသောင်းကျန်းမှုဒဏ် ခါးစည်းပြီးခံခဲ့ရပြီမို့ ဘယ်တော့မှ ဒီအဖြစ်မျိုးကို မကြုံတွေ့လိုကြတော့ပါဘူး။ အေးချမ်းသာယာတဲ့ ဒီအခြေအနေကို နည်းနည်းလေးမှ မထိခိုက်မပျက်ပြားစေချင်ကြပါဘူး။ ငြိမ်းချမ်း ရေးကို မထိခိုက်မပျက်ပြားအောင် ဝိုင်းဝန်းကာကွယ်ကြဖို့နဲ့ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာမှာ ကျရာအခန်းကဏ္ဍက ပါဝင်ကြဖို့ သန္နိဋ္ဌာန်ချထားကြတယ်။

စာရေးသူ တွေးမြင်မိသလောက် ယခုအခါမှာ တစ်နိုင်ငံလုံးငြိမ်းချမ်းပြီလို့ ဆိုရမယ့်အခြေအနေ ရောက်နေပါပြီ။ တစ်နိုင်ငံလုံး ငြိမ်းချမ်းဖို့လဲ အချိန်ကျရောက်နေပါပြီ။ ငြိမ်းချမ်းရုံသာမက ရွှေပြည်သစ်ဆီကို ဦးတည်တဲ့လမ်းကိုလဲ သိရပြီမို့ တိုင်းရင်းသားအားလုံး ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် လက်တွဲလျှောက်လှမ်းကြဖို့ မေတ္တာရပ်ခံတိုက်တွန်းအပ်ပါတယ်။ ။

ရေကြောင်း ရဲညွန့်လောင်း အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၄)ဖွင့်

ရန်ကုန် မေ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) တို့ ပူးပေါင်းညှိနှိုင်းဖွင့်လှစ်သော တပ်မတော် (ရေ) ရေကြောင်း ရဲညွှန့်လောင်းသင်တန်း (ရန်ကုန်စခန်း)၏ အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၄) နှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၀၄)များ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရေဝတီ ရေတပ်စခန်း ဌာနချုပ် သီဟသူရ ထွန်းတင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရေဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း၊ သင်တန်းဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စခန်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် စည်းရုံးရေးမှူးများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရေဝတီ ရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းတို့ တို့က သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး သင်တန်းကို ဖွင့်လှစ်ပေးကြသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မတ် ၂၉ရက်က ရွှေနံ့သာကျေးရွာအုပ်စု ရွှေနံ့သာစံပြကျေးရွာခန်းမ၌ ကျင်းပရာ မူခင်းကျဆင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်သန်းက မူခင်းကျဆင်းရေးနှင့်စပ်လျဉ်း၍ ပညာပေး ဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေးသင်တန်းဖွင့်

ရန်ကုန် မေ ၂၇

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေးသင်တန်း အမှတ်စဉ် (၈/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ သင်တန်းတွင် ပို့ချပေးသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် နည်းပြအရာရှိများ တက်ရောက်ကြသည်။

သင်တန်းကို ဇူလိုင် ၁၆ရက်အထိ ရက်သတ္တ ၁၂ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ရဲအရာရှိ ၄၀တို့ တက်ရောက်ကြသည်။

သင်တန်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသည်များအား လုံခြုံစိတ်ချမှုနှင့် စိတ်အေးချမ်းမြေ့စွာ သွားလာလည်ပတ်နိုင်ကြစေရန်အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ကူညီဆောင်ရွက်မည့် အစီအမံဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၃/၂၀၀၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို လှိုင်သာယာ မြို့နယ် အမက (၄၇) တွင် မေ ၂၆ရက်က ကျင်းပရာ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (ရုံးချုပ်)မှ ဝန်ထမ်းရေးရာနှင့်ထောက်ပံ့ဌာန ညွှန်ကြားရေးမှူး ဦးတင်မြင့် အမှာစကား ပြောကြားစဉ်။

၁၂(စီ)အေးသာယာလမ်း တာမွေမြို့နယ်နေ ကက်ပတိန် ဦးမြင့်ကြွယ်-ဒေါက်တာသက်ဦးခင်မိသားစုက လှူဒါန်းငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/ ၂ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိ 'နာရေးကူညီမှုအသင်း'ရန်ကုန်အသင်းရုံးသို့ လာရောက်လှူဒါန်းရာ အလုပ်အမှုဆောင် ဦးညွန့်သိန်းက လက်ခံရယူစဉ်။ (က-

ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်မည့်အစီအစဉ်များချမှတ်

ပြည်တွင်းဖူလုံစေရေးအားကြိုးမာန်တက်ထုတ်လုပ်ရန်ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီမှာကြား

ရန်ကုန် မေ ၂၇

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသော မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ၂၀၀၄-၂၀၀၅ ခုနှစ် ပထမသုံးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းအစည်းအဝေးတွင် ပြီးခဲ့သည့် စတုတ္ထသုံးလပတ်ကာလအတွင်း ဓာတ်မြေသြဇာထုတ်လုပ်နိုင်မှု အခြေအနေများကို ပြန်လည်သုံးသပ်၍ လာမည့် ဒုတိယသုံးလပတ်ကာလအတွက် ဓာတ်မြေသြဇာစက်ရုံများ ချောမွေ့စွာလည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောသဘာဝဓာတ်ငွေ့နှင့်လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး ကိစ္စများကို ညှိနှိုင်းဆွေးနွေးကြပြီး စက်ရုံအလိုက် ဓာတ်မြေသြဇာတိုးတက်ထုတ်လုပ်ရမည့် လျာထားချက်များကို ချမှတ်သည်။

ထို့နောက် ဝန်ကြီးက ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ အလေအလွင့်ထိန်းသိမ်းရေးနှင့် မသမာမှုလျော့နည်းပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂၀၀၄-၂၀၀၅ခုနှစ် ပထမသုံးလပတ်လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ပြီးခဲ့သည့် စတုတ္ထသုံးလပတ်ကာလအတွင်း ရေနံမြေအလိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေများကို ပြန်လည်သုံးသပ်ပြီး လာမည့် ဒုတိယသုံးလပတ်ကာလအတွက် ရေနံမြေအလိုက် ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရမည့် အစီအစဉ်များကို ချမှတ်သည်။

ထို့နောက် ဝန်ကြီးက ပြည်တွင်းသုံးစွဲမှုဖူလုံစေရန်ရေနံနှင့်သဘာဝဓာတ်ငွေ့များကိုအားကြိုးမာန်တက်တိုးတက်ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂၀၀၄-၂၀၀၅ ခုနှစ် ပထမ သုံးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားစဉ်။

(စွမ်းအင်)

ရွှေပေါ်ကျွန်း မူလကမ္မဋ္ဌာနစေတီ ပန္နက်တင်အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၇

ကျေးဇူးတော်ရှင် ရွှေပေါ်ကျွန်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ အရှင်ဉာဏိက အရှင်သူမြတ် မူလကမ္မဋ္ဌာန်း တရားများ စတင်အားထုတ်ခဲ့ရာ လိုဏ်ဂူတွင် မူလကမ္မဋ္ဌာနသေဝက စေတီတော် တည်ဆောက်တော်မူရန် ဆရာတော် ကိုယ်တော်တိုင် ဘဝနတ်ထံမစံလွန်မီက စီစဉ်ထားခဲ့သည့်အတိုင်း လက်ရှိပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ ဆရာတော်မှ ကြီးမှူး၍ စေတီတော်ဝင် ဥပဋ္ဌာကအဖွဲ့က မကြာမီစေတီတော်ကို စတင်တည်ဆောက်ပူဇော်မည်ဖြစ်ကြောင်းနှင့် ပန္နက်တင်အခမ်းအနားအတွက် မြို့နယ်သာသနာ့အကျိုးတော်ဆောင်အဖွဲ့များကို ကြိုတင်အကြောင်းကြားနှိုးဆော်စာများ ပေးပို့ထားကြောင်း သိရသည်။

(က-ပ)

ဝါးထပ်ကြီးဘုရား ကဆုန်ညောင်ရေသွန်းမည်

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာသကျအတုလမာရ်အောင်ဘွဲ့တော် ဆောင်သော ဝါးထပ်ကြီးဘုရားကြီး အရှေ့ဘက်ရင်ပြင် ဝါးထပ်ကြီး သာမောအင်ကြင်းတောရ (မဟာဗောဓိပင်)တွင် ဩဝါဒါစရိယ ဆရာတော် များ အမှူးပြု၍ ဂေါပကအဖွဲ့ဝင်များ၊ မြို့နယ်လူမှုရေးနှင့် ဘာသာရေး အသင်းများ စုပေါင်း၍ကဆုန်လပြည့် (ဗုဒ္ဓနေ့) နံနက် ၇ နာရီခွဲတွင် [illegible] **(က-ပ)**

စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီစည်းဝေး

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး (၄/၂၀၀၄)အစည်းအဝေးကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)နှင့်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)နှင့် အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ဗဟိုအမှုဆောင်ကော်မတီဝင်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)က ဆောင်ရွက်သည်။

ရှေးဦးစွာသဘာပတိက အမှာစကားပြောကြားပြီးအဖွဲ့အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)က ဗဟိုအမှုဆောင် အစည်းအဝေး ၃/၂၀၀၄ ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုတို့ကို တင်ပြသည်။

ဆက်လက်၍ရုံးအဖွဲ့၊စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေး လုပ်ငန်းအဖွဲ့၊ ရန်ပုံငွေ ရှာဖွေရေး လုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေး လုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့တို့၏ခေါင်းဆောင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက်သဘာပတိက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကြီး အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ပြည့်ပြည့်စုံစုံ ပြုလုပ်ထားကြရန် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၃ နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မေ ၂၇ ရက်က စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွက် အလှူရှင် ကောင်းသန့် စာပေမှ ငွေကျပ် တစ်သိန်း ငါးသောင်း တန်ဖိုးရှိ သုတ၊ရသ စာအုပ်၆၅၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)နှင့် တာဝန်ရှိသူများက လက်ခံစဉ်။ (သတင်းစဉ်)

သူနာပြုနှင့်သားဖွားဆရာမများ မြို့ပြနှင့် ကျေးလက်ပြည်သူများအတွက်အရေးပါ

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအရည်အသွေးမြှင့်မားရေးအထောက်အကူပြု

ရန်ကုန် မေ ၂၇

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီအစဉ်ဖြင့် First Meeting of South-East Asia Regional Multidisciplinary Advisory Group on Nursing and Midwifery အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် Myanmar Ballroom -2 ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ်၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာသူနာပြုကောင်စီ အထွေထွေအတွင်းရေးမှူး၊ အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြသော ထိုင်း၊ သီရိလင်္ကာ၊ အိန္ဒိယ၊ အရှေ့တီမော၊ ဘင်္ဂလားဒေ့ရှ်၊အင်ဒိုနီးရှား၊မော်လဒိုက်၊ မြန်မာနှင့် နီပေါအစရှိသည့် နိုင်ငံတို့မှ သူနာပြုနှင့် သားဖွားဆိုင်ရာ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

၎င်းအစည်းအဝေးမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသအဖွဲ့ဝင်နိုင်ငံများအတွင်း သူနာပြုနှင့်သားဖွားအင်အားစုကို ထိရောက်စွာ စီမံခန့်ခွဲရေးကဏ္ဍ မြင့်မားလာစေရန်လည်းကောင်း၊နိုင်ငံ၏ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူပြုမည့် သူနာပြုနှင့် သားဖွားဆိုင်ရာ သတင်းအချက်အလက်စနစ်ကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်ရန်အတွက် လည်းကောင်း အထောက်အကူပြုမည်ဟု မျှော်လင့်ကြောင်း။

သူနာပြုများ၊ သားဖွားဆရာမများနှင့် အမျိုးသမီးကျန်းမာရေးဆရာမများသည် မြို့ပြနှင့်ကျေးလက်ဒေသများအထိ ပြည်သူလူထုတစ်ရပ်လုံးအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက် ရှိကြောင်း။

ယခုအခါ မြန်မာနိုင်ငံကျန်းမာရေး ဝန်ကြီးဌာနအောက်တွင် သူနာပြုတက္ကသိုလ်နှစ်ခု၊ သူနာပြု သင်တန်းကျောင်းနှင့် သူနာပြု နှီးနွှယ်သင်တန်းကျောင်းပေါင်း၄၃ကျောင်းအထိ တိုးမြှင့်ဖွင့်လှစ်ထားပြီး ဖြစ်ကြောင်း၊ သူနာပြုသင်တန်းကျောင်းများသည် သူနာပြုဒီပလိုမာ သင်တန်းများကို ပို့ချပေးပြီး သူနာပြုတက္ကသိုလ်များတွင် သူနာပြုသိပ္ပံဘွဲ့သင်တန်းနှင့် သူနာပြုမဟာသိပ္ပံဘွဲ့ သင်တန်းများကိုလည်းသင်ကြားပေးလျက်ရှိကြောင်း။

၎င်းအစည်းအဝေးမှ ထွက်ပေါ်လာသော ရလဒ်များသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှနိုင်ငံများသာမကအခြားနိုင်ငံများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အရည်အသွေးမြင့်မားရေးအတွက် အကျိုးပြုမည်ဟုယုံကြည်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Stephan P. Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေး အဖွဲ့မှ သူနာပြုနှင့်သားဖွားဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Ms. Jane Salvage နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုကောင်စီ အထွေထွေအတွင်းရေးမှူး Ms. Judith Oulton တို့က သူနာပြုနှင့် သားဖွားဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့သည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အရှေ့တောင်အာရှနိုင်ငံများမှ သူနာပြုနှင့် သားဖွားဆိုင်ရာ ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အစည်းအဝေးကို မေ၃၀ ရက်အထိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် မေ ၂၉ ရက်တွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်များသို့ သွားရောက်၍ သူနာပြုနှင့် သားဖွားဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကွင်းဆင်းလေ့လာကြမည်ဖြစ်

တိပိဋကဓရအရှင်မြတ်များအားချီးကျူးဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မေ ၂၇

မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီးဦးဆောင်ပဓာနပြု ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက=နိကာယကျောင်းတိုက်ကြီးမှ (၅၆)ကြိမ်မြောက် တိပိဋကဓရစာမေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့ကြသော တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဣန္ဒပါလနှင့်တိပိဋကဓရ အရှင်ဣန္ဒာစရိယ အပါအဝင် ပိဋကစာအောင်သံဃာတော် ၃၃ပါး အရှင်သူမြတ်တို့အား မေလ စတုတ္ထပတ်တွင် ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် တိ=နိ နာယကကြီးများ၊ တိ=နိ အမှုဆောင်များ၊ တိ=နိသုဘဒ္ဒါ အမှုဆောင်များ၏ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်တော်မူသည်။

သို့ဖြစ်ပါ၍ တိ=နိ ရာသက်ပန်အဖွဲ့ဝင်များ၊ ဓမ္မမိတ်ဆွေများက ပူဇော်ပွဲကြီးကိုအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒါနအား၊ သီလအား၊ သဒ္ဓါအားတို့ဖြင့် ရပ်ဝေးရပ်နီးမှ မေ ၂၀ရက် နောက်ဆုံးထား၍ ပေးပို့လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မေ ၂၇ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်နှင့်ဇနီးတို့ အစ္စရေးလ်နိုင်ငံ၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးလ်နိုင်ငံ သံအမတ်ကြီး H.E Mr. Yaacov Avrahamy နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၂၇

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၀၆)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်း(ယောဂီဟောင်း)ကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီကမ္မဋ္ဌာန်းရိပ်သာ၌ မေ ၃ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် မေ ၃ ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ လာရောက်ကြရမည်ဖြစ်ကြောင်းသိရသည်။**(က-ပ)**

သယ်န်းကျွန်းမြို့နယ်စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၇

သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို မေ ၂၅ ရက် မွန်းလွဲ၁နာရီတွင် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဒေါ်ချိုချိုတင်(မစန္ဒာ)၊ သဃ်န်းကျွန်းမြို့နယ် ဥက္ကဋ္ဌ ဦးနေဝင်းနှင့် သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသာဝင်း(ငြိမ်း) (မြန်မာနိုင်ငံသား)တို့က အမှာစကားပြောကြားကြသည်။

အစည်းအဝေးတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစီရင်ခံစာကို အတွင်းရေးမှူး ဦးမောင်မောင်ကြည်(ရေနံ့မြေမောင်မောင်ကြည်)ကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်းမြင့်(ယုဝတီ သဇင်-ဗန်းမော်)က လည်းကောင်း၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အစီရင်ခံသည့် နှစ်အတွင်း ထည့်ဝင်လှူဒါန်းကြသည့် အလှူငွေနှင့် အလှူရှင်များ၏ အမည်စာရင်းကို တွဲဖက်အတွင်းရေးမှူး ဦးဝင်းထက်နိုင်(သတင်းထောက်-ဝင်းထက်နိုင်)က လည်းကောင်း အသီးသီးဖတ်ကြားရှင်းလင်းသည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၏ ဆွေးနွေးမေးမြန်းမှုအပေါ် ဒုတိယဥက္ကဋ္ဌ ဦးစိန်ညွန့်(မောင်နေမျိုး)က ပြန်လည်ရှင်းလင်းခြင်းနှင့် ကျန်းမာရေးချို့တဲ့နေသူ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ပုသိမ်မောင်ထွေးညိုအား မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒေါ်ချိုချိုတင်(မစန္ဒာ)၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်ညွန့်(မောင်နေမျိုး)တို့၏ လှူဒါန်းငွေများကို ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသာဝင်း(ငြိမ်း) (မြန်မာနိုင်ငံသား)က ပေးအပ်လှူဒါန်းကြောင်းသိရသည်။ **(က-ပ)**

ချင်းတိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ဖူးမြော်၊အမျိုးသားပြတိုက်လေ့လာ

ရန်ကုန် မေ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် တန်ခိုးကြီးဘုရားများ ဖူးမြော်ရန်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာရန် ရန်ကုန်မြို့တွင်ရောက်ရှိနေကြသော ချင်းပြည်နယ်၊ ရေဇွာဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင် ၅၀သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်သန်း လိုက်ပါလျက် ယနေ့နံနက်ပိုင်း၌ ရွှေတိဂုံ စေတီတော်အား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် အမျိုးသားပြတိုက်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များအား ယမန်နေ့ ညနေပိုင်းတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေသည် အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း ဘုရင့်နောင်၌သွားရောက်တွေ့ဆုံသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

မုန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၂၈၀ ရရှိမည့် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်မှ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၁၂၀ရရှိမည့် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်မှ တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ၂၅ မဂ္ဂါဝပ်ရရှိမည့် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်မှ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၄၀၀ ရရှိမည့် ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်မှ ရွှေလီရေအားလျှပ်စစ်စီမံကိန်း၊ ၅၄ မဂ္ဂါဝပ်ရရှိမည့် ရှမ်းပြည်နယ် မိုးနဲမြို့နယ်မှ ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ်၄၀ ရရှိမည့် ပဲခူးတိုင်း ဖြူးမြို့နယ်မှ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀ ရရှိမည့် ပဲခူးတိုင်း တောင်ငူမြို့နယ်မှ ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၆၀ ရရှိမည့် ပဲခူးတိုင်း ဖြူးမြို့နယ်မှ ကွန်းချောင်းရေအား လျှပ်စစ်စီမံကိန်း၊ ၇၅ မဂ္ဂါဝပ်ရရှိမည့် ပဲခူးတိုင်း ရွှေကျင်မြို့နယ်မှ ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၇၉၀ ရရှိမည့် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်မှ ရဲရွာရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်သည်။

အဆိုပါ စီမံကိန်းများအနက် မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်းနှင့် တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းတို့မှာ မကြာမီကာလအတွင်း တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်မည့် စီမံကိန်းများဖြစ်ပြီး၊ ယင်းစီမံကိန်းသုံးခုမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်စုစုပေါင်း ၄၇၅ မဂ္ဂါဝပ်ရရှိမည်ဖြစ်သည်။

မဟာဓာတ်အားလိုင်းအတွင်းထည့်သွင်းရန် လာမည့်လေးနှစ်ကာလအတွင်း တည်ဆောက်အကောင်အထည်ဖော်မည့် အနာဂတ်လျှပ်စစ်စီမံကိန်းကြီးများမှာ မဂ္ဂါဝပ် ၁၂၀၀ ရရှိမည့် စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ်မှ ထမံသီစီမံကိန်း၊ မဂ္ဂါဝပ် ၄၀၀ရရှိမည့် စစ်ကိုင်းတိုင်း မော်လိုက်မြို့နယ်မှ မော်လိုက်စီမံကိန်း၊ မဂ္ဂါဝပ် ၆၆၀ ရရှိမည့် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်မှ ရွှေစာရေးစီမံကိန်း၊ ၈၄ မဂ္ဂါဝပ်ရရှိမည့် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်မှ အထက်ပေါင်းလောင်းစီမံကိန်း၊ ၄၈ မဂ္ဂါဝပ်ရရှိမည့် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်မှ နန်ချိုစီမံကိန်း၊ ၆၅ မဂ္ဂါဝပ်ရရှိမည့် မန္တလေးတိုင်း မတ္တရာမြို့နယ်မှ အထက်ဆည်တော်ကြီးစီမံကိန်း၊ မဂ္ဂါဝပ် ၆၀ရရှိမည့် မကွေးတိုင်း စေတုတ္တရာမြို့နယ်မှ ကြီးအုံကြီးဝစီမံကိန်း၊ မဂ္ဂါဝပ် ၆၀ရရှိမည့် မကွေးတိုင်းမှ ဘူးရွာ(မုန်း)စီမံကိန်း၊ ၃၆ မဂ္ဂါဝပ်ရရှိမည့် ရှမ်းပြည်နယ် နမ္မတူမြို့နယ်မှ နမ္မတူစီမံကိန်း၊ မဂ္ဂါဝပ် ၇၁၁၀ ရရှိမည့် ရှမ်းပြည်နယ်မှ တာဆန်း(သံလွင်)စီမံကိန်း၊ မဂ္ဂါဝပ် ၆၀ ရရှိမည့် ရှမ်းပြည်နယ် နောင်ချိုမြို့နယ်မှ ပြောင်ရှိုစီမံကိန်း၊ မဂ္ဂါဝပ် ၁၆၀ ရရှိမည့် ရှမ်းပြည်နယ် နောင်ချိုမြို့နယ်မှ နမ့်လန်စီမံကိန်း၊ ၄၈ မဂ္ဂါဝပ်ရရှိမည့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ဘီလူးချောင်း(၃)စီမံကိန်း၊ မဂ္ဂါဝပ် ၁၆၀ ရရှိမည့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်မှ ဘောဂတစီမံကိန်း၊ မဂ္ဂါဝပ် ၁၅၀ ရရှိမည့် ကရင်ပြည်နယ် သံတောင်မြို့နယ်မှ သောက်ရေခပ်စီမံကိန်း၊ ပထမအဆင့်တွင် မဂ္ဂါဝပ် ၄၀၀၊ ဒုတိယအဆင့်တွင် မဂ္ဂါဝပ် ၂၀၀ ရရှိမည့် ကရင်ပြည်နယ် ကမာမောင်းရွာမှ ဟတ်ကြီးစီမံကိန်း၊ မဂ္ဂါဝပ် ၂၈၀ ရရှိမည့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ ဘီးလင်းစီမံကိန်း၊ မဂ္ဂါဝပ် ၆၀၀ရရှိမည့် တနင်္သာရီတိုင်းမှ တနင်္သာရီစီမံကိန်းနှင့် မဂ္ဂါဝပ် ၃၁၀၀ရရှိမည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ ဧရာဝတီမြစ်ဆုံစီမံကိန်းတို့ဖြစ်သည်။

ဒေသတွင်းသုံးစွဲရန် အကောင်အထည်ဖော်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများမှာ ကချင်ပြည်နယ်မှ တဘတ်ရန်ချောင်းစီမံကိန်းနှင့် မလိချောင်းစီမံကိန်း၊ စစ်ကိုင်းတိုင်း ကလေးမြို့နယ်မှ ရာဇဂြိုဟ်စီမံကိန်းတို့ဖြစ်ပြီး အဆိုပါ စီမံကိန်းသုံးခုမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၈ ဒသမ ၅ ရရှိမည်ဖြစ်သည်။

ဒေသတွင်းသုံးစွဲရန် ဆက်လက်အကောင်အထည်ဖော်သွားမည့် လျှပ်စစ်စီမံကိန်းများမှာ မကွေးတိုင်းမှ ပြင်သာစီမံကိန်း၊ ပနိချောင်း(ရွှေချောင်း)စီမံကိန်းနှင့် မင်းတုန်းစီမံကိန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ နမ့်လွေစီမံကိန်း၊ ရခိုင်ပြည်နယ်မှ သတဲချောင်းစီမံကိန်း၊ သံတွဲစီမံကိန်း၊ ကျိုက္ကလီစီမံကိန်းနှင့်အမ်းချောင်းဖျားစီမံကိန်း၊ ကရင်ပြည်နယ်မှ ဒယိုင်းချောင်း(ပိုင်ကျုံ)စီမံကိန်း၊ တနင်္သာရီတိုင်းမှ အညာပြားစီမံကိန်း၊ နမ့်နှိုင်စီမံကိန်း၊ သကျတ်(မြိတ်) စီမံကိန်းနှင့် သိမ်းခွန်စီမံကိန်းတို့ဖြစ်သည်။

ဒေသတွင်းသုံးစွဲရန် ဆက်လက်အကောင်အထည်ဖော်သွားမည့်လျှပ်စစ် စီမံကိန်းများမှာ စုစုပေါင်း ၁၃ခုဖြစ်ပြီး ပြီးစီးပါက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၃၄၂ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တပ်မတော်(ရေ)ရေကြောင်းရဲညွှန့်လောင်းသင်တန်း(စစ်တွေစခန်း) အခြေခံသင်တန်းနှင့်တန်းမြင့်သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်းရဲညွှန့်လောင်းသင်တန်း(စစ်တွေစခန်း) အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၄) နှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၀၄)သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မေ ၂၆ရက် နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ စစ်တွေတပ်နယ်မှဗိုလ်မှူးကြီး သန်းထွန်းအောင်၊ ကျောက်ဖြူတပ်နယ်မှ ဗိုလ်မှူးကြီးအောင်သော်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်နှင့်ကျောက်ဖြူတပ်နယ်မှ ဗိုလ်မှူးကြီးအောင်သော်တို့က သင်တန်းဖွင့် အမှာစကားပြောကြားကြသည်။

ထို့နောက် ကျောက်ဖြူတပ်နယ်မှ ဗိုလ်မှူးကြီးအောင်သော်က သင်တန်းဖွင့်ပွဲအထိမ်းအမှတ်အလံကို ဗိုလ်မှူးကြီးသန်းထွန်းအောင်ထံ ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါရေကြောင်းရဲညွှန့်လောင်းသင်တန်း(စစ်တွေစခန်း)တွင် အခြေခံသင်တန်းသား ၅၀နှင့် တန်းမြင့်သင်တန်းသား ၂၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးနွေရာသီအခြေခံဂူရှူးအားကစားသင်တန်းဆင်း

ရန်ကုန် မေ ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အမျိုးသမီးအားကစားအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ၂၀၀၄ ခုနှစ် အမျိုးသမီး(သက်ကြီးတန်း)နွေရာသီ အခြေခံဂူရှူးအားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တာမွေမြို့နယ် အထက(၄) မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းသူများက ဂူရှူးအားကစားသရုပ်ပြသကြပြီး မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေးက သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်းပေးအပ်သည်။**(ဝဲပုံ)**

ထို့နောက် မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

(မြန်မာ့အလင်း)

မီးဘေးရှောင်

မလောင်ခင်တား



အမှာစကားပြောကြား

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် ကျွဲဆွဲကျေးရွာ ကျေးလက်ဒေသ မီးလင်းရေး အစီအစဉ်အရ တည် ဆောက် ခဲ့ သော ရေ အား လျှပ်စစ် စက်ရုံဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားစဉ်။

(အား/ကာ)

ကျေးလက်ဒေသမီးလင်းရေး ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တက်ရောက် အိမ်ခြေ ၁၀၀ တစ်နှစ်ပတ်လုံးနေ့စဉ် နေ့/ည လျှပ်စစ်မီးပေးနိုင်ပြီဖြစ်

ရန်ကုန် ဧပြီ ၂၇

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၂၅ ရက် နံနက် ၁၀နာရီတွင် စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် ကျွဲဆွဲကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ဒေသမီးလင်းရေးအစီအစဉ်အရ တည်ဆောက်ခဲ့သော ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးကာ အခမ်းအနားသို့ တက်ရောက်လာသူများအား အမှာစကားပြောကြား၍ အားကစားပစ္စည်းများ ပေးလှူခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌရွှေနဂါးမင်းကုမ္ပဏီမှဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းမိသားစုက ကျွဲဆွဲကျေးရွာရေအားလျှပ်စစ်အတွက်ငွေကျပ်နှစ်သိန်းနှင့် တန့်ဆည်မြို့နှင့် နဘက်ကြီးကျေးရွာ ဆက်သွယ်သောလမ်း ကျောက်ချောခင်းရန် ငွေကျပ်သိန်း ၅၀ကိုလှူဒါန်းရာ ဝန်ကြီးကလက်ခံရယူပြီး ဆက်လက်လွှဲပြောင်းပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျွဲဆွဲကျေးရွာရေအားလျှပ်စစ်စက်ရုံသို့ စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်စီစဉ်မှုဖြင့် အလှူရှင်များနှင့်ဒေသခံပြည်သူများ၏စုပေါင်းထည့်ဝင်ငွေကျပ် ၃၁ သိန်း အကုန်အကျခံ၍ ကင်းတပ်ဆည်လယ်ယာတူးမြောင်း လက်တံ(၂)မှ ရေကိုအသုံးပြုတည်ဆောက်ထားခြင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၁၅ကီလိုဝပ်ထုတ်လုပ်နိုင်သဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၀၀ကိုတစ်နှစ်ပတ်လုံး နေ့စဉ် နေ့/ညလျှပ်စစ်မီးပေးနိုင်ပြီဖြစ်သည်။

ဝန်ကြီးသည် ဧပြီ ၂၅ ရက်တွင် တန့်ဆည်မြို့ အားကစားကွင်းသို့ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဒီပဲယင်းမြို့နှင့် ရေဦးမြို့နယ် တင်းတိန်ရုံကျေးရွာဆက်သွယ်သည့် ကျေးလက်လမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တင်းတိန်ရုံကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပသည့် လမ်းဖြစ်မြောက်ရေး အလှူငွေပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ရွှေနဂါးမင်းကုမ္ပဏီမှ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း မိသားစုက ဒုတိယအကြိမ်အလှူငွေကျပ်ငါးသိန်း၊ ရေဦးမြို့ ဆန်စက်ပိုင်ရှင်များအသင်းက ငွေကျပ်တစ်သိန်း၊ တန့်ဆည်မြို့ ဆန်စက်ပိုင်ရှင်များအသင်းက ငွေကျပ်တစ်သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီးသည် ဒီပဲယင်းမြို့ အားကစားကွင်းကို ကြည့်ရှုစစ်ဆေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ အလေးမဆပ်ကော်မတီ လေ့ကျင့်ရေးစခန်းသို့ အလေးမအားကစားပစ္စည်းများလှူဒါန်းပွဲသို့ တက်ရောက်ကာ မျိုးဆက်သစ်အလေးမအားကစားသမားများ ရှာဖွေရေးနှင့် အလေးမအားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးမှာကြားပြီး ငွေကျပ် ၁၄၇၈၈၅၀ တန်ဖိုးရှိ အလေးမကီလိုဆက်(ပြည်ပ)နှစ်စုံနှင့် အလေးမကီလိုဆက်(ပြည်တွင်း)နှစ်စုံတို့ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် မန္တလေးမြို့ ဗထူးအားကစားကွင်းအတွင်း ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှု၊ အောင်မြေမန္တလာအားကစားရုံပြုပြင်ပြီးစီးမှု၊ အောင်မြေမန္တလာအားကစားကွင်းအဆင့်မြှင့်ပြုပြင်ပြီးစီးမှု၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ နှစ်ထပ်စာသင်ဆောင်ဆောက်လုပ်ပြီးစီးမှု၊ ဘောလုံးကွင်းဆောက်လုပ်ပြီးစီးမှုနှင့် အမှတ်(၂)ပင်မစက်ပြင်အလုပ်ရုံရှိ ရေကူးကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် ဧက ၅၀၀ကျေးရွာရှိ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဖွင့်ပွဲတွင် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေက ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် သိန်းအောင်၊ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့်တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်က ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း ကျောင်းအုပ်ဆရာကြီးသို့ လွှဲပြောင်းပေးအပ်သည်။

တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လေးမိုင် စံပြကျေးရွာရှိ မူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ရာ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေက အထိမ်းအမှတ်အလံများကို ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူးသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ကျေးရွာလူထုအတွက် အဝတ်အထည်များကို ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသို့လည်းကောင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မူလတန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များကို ကျောင်းအုပ်ဆရာကြီးသို့လည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ကျောက်ချောလမ်းဖွင့်

ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် ချိုကယ်ကျေးရွာ ကျောက်ချောလမ်းဖွင့်ပွဲသို့ တက်ရောက်သည်။ ဖွင့်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင်ဝင်းက ကျောက်ချောလမ်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးရွာမှ ဦးပိုးရယ်အောင်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရိုးရယ်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပြီးနောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် လမ်းသစ်ကို ကြည့်ရှုကြသည်။

ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည်လင်ဖုံလေးကျေးရွာသို့ရောက်ရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်သည်။ အခမ်းအနားတွင် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေက ဖွင့်ပွဲအထိမ်း အမှတ်အလံများကို ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။ ထို့နောက် အဆောက်အအုံသစ်ကို ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာအေးထွန်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဗဟိုအလုပ်အမှုဆောင် ၊ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်ဆေးရုံအုပ်ကြီးတို့က အမှာစကားများ ပြောကြားသည်။ **(သတင်းစဉ်)**

ဝေနေယျသုခရေချမ်းစင်အသင်း ကဆုန်လပြည့်ညောင်ရေသွန်းပွဲတော် ရေသန့်ဘူးသောက်ရေအေးများဒါနပြုပွဲ

ရန်ကုန် ဧပြီ ၂၇

၁၃၆၆ခုနှစ် ကဆုန်လပြည့်နေ့ (မေ ၃ရက်)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာသောကြာထောင့်မြောက်ဘက်မုခ်စောင်းတန်းအနီးရှိ ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံ စေတီတော် အလယ်ပစ္စယာစောင်းတန်းလေးသွယ်အနီးမှနေ၍ ဝေနေယျသုခရေချမ်းစင်အသင်း (၉၉)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သောက်ရေသန့်ဘူးများ၊ သောက်ရေအေးများကို တစ်နေကုန် စေတနာဒါနပြုလှူဒါန်းမည်ဖြစ်သည်။ ရာသက်ပန်သောက်ရေသန့် ရေပဒေသာပင်တစ်ပင်လှူ အနည်းဆုံး ငွေကျပ်တစ်သောင်းဖြင့် ဖုန်း-၃၈၁၇၃၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် လယ်တီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာလာသီရိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ပဲနော့ရွာ ခမည်းတော် ဦးမြင့်၊ မယ်တော်ဒေါ်လေးငယ်တို့မှ ၁၂၇၈ ခုနှစ် နယုန်လဆန်း ၇ရက်(ကြာသပတေးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းပြုခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၄ခုနှစ် တပို့တွဲလဆန်း ၁၀ရက်တွင် ပဲနော့ရွာဦး ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုမာရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူတော်မူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၂၉၉ခုနှစ် ဝါဆိုလဆန်း ၅ရက် မွန်းလွဲ ၁နာရီတွင် ချမ်းသာကြီးကျောင်းခဏ္ဍာသိမ်၌ လေသာကျောင်းဆရာတော် ဘဒ္ဒန္တ ဇယန္တသီရိကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ပဲနော့ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ ကုမာရ၊ မြင်းမူမြို့ လေသာကျောင်းဆရာတော် ဘဒ္ဒန္တ ဇယန္တသီရိ၊ မုံရွာမြို့ အရှေ့လယ်တီတိုက်ဆရာတော် ဘဒ္ဒန္တ ကေဝလာဘိဝံသ၊ မန္တလေးမြို့ မစိုးရိမ်တိုက် ဂန္ဓကုရုကျောင်းဆရာတော် ဘဒ္ဒန္တ ကောသလ္လာဘိဝံသ၊ ဘီလူးကျွန်းဆရာတော် ဘဒ္ဒန္တ ဉာဏဝံသ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော်တို့ထံတွင် ပိဋကတ်အခြေခံကျမ်းစာများနှင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ဆရာနည်းရအောင် သင်ယူဆည်းပူးတော်မူခဲ့ပြီး အစိုးရဓမ္မာစရိယ စာမေးပွဲကို ဂုဏ်ထူးခုနစ်ကျမ်းနှင့်တကွ အောင်မြင်တော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မုံရွာမြို့ အရှေ့အလယ်တိုက်၌ တပည့်၊ရဟန်း၊ သာမဏေများအား နေ့စဉ်ဓမ္မာစရိယစာချတန်း စာဝါများကို သင်ကြားပို့ချတော်မူခဲ့ပြီး ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်တို့၌ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ စတုတ္ထအကြိမ်၊ ပဉ္စမအကြိမ်တို့၌ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာဇာဂရိယ စသော ဂုဏ်များနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားလျက် နိုင်ငံတော်အစိုးရက ၂၀၀၂ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါအရ ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၇ ရက်(၂၅-၄-၂၀၀၄) တနင်္ဂနွေနေ့ နံနက် ၇ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁)စမ်းချောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၇

၁၉၆၅-၁၉၈၀ ပြည့်နှစ်အထိ ပညာသင်ကြားပေးခဲ့သော စမ်းချောင်း အထက(၁)မှ ဆရာ၊ ဆရာမကြီးများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၂ ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင်အထက(၁)စမ်းချောင်း ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဆရာဦးသိန်းမြင့် ဖုန်း-၂၄၃၇၄၈၊ ဦးညွန့်သန်း ဖုန်း-၅၀၁၉၁၉၊ ဦးလှအောင်ရွှေ (ရွှေမိသားစု)ဖုန်း-၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ၅၀၃၇၁၆၊ ဦးသက်ဦး ဖုန်း-၂၅၀၁၄၂၊ ဦးမောင်မောင်ဌေး ဖုန်း-၅၂၆၃၆၂၊ ဦးစိုးနိုင်(အေးမေတ္တာ ကားပစ္စည်းဆိုင်၊ တောင်ဥက္ကလာပ) ဖုန်း-၅၆၅၈၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပဲခူးရွှေဘုန်းပွင့်စေတီတော်ဌာပနာပိတ်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနား

ရန်ကုန် ဧပြီ ၂၇

ပဲခူးမြို့ ဇဂ္ဂဝါကုန်း ကျိုးတောင်ကျောင်းတိုက်ဆရာတော်ကြီးဦးဇာဂရ အမှူးထား၍ ခုနစ်ရက်သားသမီးများ တည်ထားကိုးကွယ်ထားသော ရွှေဘုန်းပွင့်စေတီတော် ဌာပနာပိတ်ပွဲ၊ အာရုံခံတန်ဆောင်းထီးတော်တင်ပွဲနှင့် အလှူရေစက်ချမင်္ဂလာအခမ်းအနားကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်နေ့ (မေ၃ ရက်) တနင်္လာနေ့တွင် ကျင်းပမည်ဖြစ်ရာ အာရုံခံတန်ဆောင်း ထီးတော်တင်မင်္ဂလာပွဲကို နံနက်၉နာရီတွင်လည်းကောင်း၊ ဌာပနာပိတ်ပွဲကို ညနေ၄နာရီတွင်လည်းကောင်း၊ ရေစက်ချပွဲကို ၄နာရီခွဲတွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ရာ သာသနာ့ဒါယကာ၊ ဒါယိကာမအပေါင်းအား ဖိတ်ကြားထားသည်။ ဌာပနာပိတ်ပွဲမတိုင်မီ အများပြည်သူများ အံ့ဖွယ်မဍ္ဂူသကလာဘမုနိဆုတောင်းပြည့်ဘုရားများကို ဆရာကြီးဦးစိန်သာဗလ(ကမ္ဘာ့ဗုဒ္ဓသာသနာပြု)ထံတွင်လည်းကောင်း၊ မွေမယ်တော်ကြီး ပဲခူးတွင်လည်းကောင်း လာရောက်ပူဇော်နိုင်ပြီး ရွှေဘုန်းပွင့် ဌာပနာပိတ်ပွဲတွင် လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဌာပနာပိတ်ပွဲနှင့် အာရုံခံထီးတော်တင်ပွဲအချိန်တွင် စတုဒိသာ ရေခဲမုန့်များအား ပြည်သူအများအတွက်လည်းကောင်း၊ ဖျော်ရည်မျိုးစုံကို နံနက်အလှူရှင် ဦးစိန်သာဗလမိသားစုကလည်းကောင်း လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်း အမှတ် ၁၅နေ (ဦးယုဆိုင်) ဒေါ်ရွှေကြူ မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်ရှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အလင်းဒုလ္လဘရဟန်းခံအလှူအတွက် ကမ္ဘောဇဘဏ်လီမိတက်မှကျပ်ငါးသိန်းလှူဒါန်း

ရန်ကုန် ဧပြီ ၂၇

ကမ္ဘောဇဘဏ်လီမိတက်(ရုံးချုပ်)မှ တာဝန်ရှိသူများသည် မြန်မာ့အလင်းသတင်းစာတိုက် သာသနဝိပဿနာရိပ်သာဗုဒ္ဓဘာသာအသင်းက ကြီးမှူးကျင်းပမည့် (၂၆)ကြိမ်မြောက် ဒုလ္လဘရဟန်းခံအလှူတော်မင်္ဂလာအတွက် အလှူငွေကျပ်ငါးသိန်းကို ဧပြီ ၂၇ ရက်နံနက်ပိုင်းက လာရောက်လှူဒါန်းရာ စာတည်းမှူးချုပ်ကိုယ်စား မန်နေဂျာဦးဇော်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(က-ပ)**



ဂျူနီယာဒေးဗစ်ကပ်အသင်းလိုက်တင်းနစ်ပြိုင်ပွဲ မြန်မာပွဲဦးထွက်အနိုင်ရရှိ

ရန်ကုန် ဧပြီ ၂၇

ပထမအကြိမ်ဂျူနီယာဒေးဗစ်ကပ်အသင်းလိုက်တင်းနစ်ပြိုင်ပွဲကို သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဧပြီ ၂၆ ရက်မှ မေ ၁ ရက်အထိ ကျင်းပလျက်ရှိရာ အုပ်စု (ခ)မှ မြန်မာကနာမည်ကြီး ဆီးရီးယားကို နှစ်ပွဲ-တစ်ပွဲဖြင့် ပွဲဦးထွက်အနိုင်ရရှိကာ အုပ်စုတွင်း အခြေအနေကောင်း ရယူလိုက်နေသည်။

အဆိုပါ ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၇နိုင်ငံ ပါဝင်ပြီး အုပ်စုငါးစုခွဲယှဉ်ပြိုင်လျက်ရှိရာ အုပ်စု(က)တွင် ဩစတြေးလျ၊ ဟောင်ကောင်နှင့် နယူးဇီလန်၊ အုပ်စု(ခ)တွင် မြန်မာ၊ ဆီးရီးယားနှင့် ဂျပန်၊ အုပ်စု(ဂ)တွင် အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ မလေးရှားနှင့် ထိုင်းနိုင်ငံ၊ အုပ်စု(ဃ)တွင် ဥဇ္ဘက်ကစ္စတန်၊ သီရိလင်္ကာ၊ ပါကစ္စတန်နှင့် စင်ကာပူ၊ အုပ်စု(င)တွင် အိန္ဒိယ၊ ဖိလစ်ပိုင်၊ ကိုရီးယားနိုင်ငံတို့ပါဝင်ကြသည်။ ယင်းအုပ်စုငါးစုမှ ပထမရငါးသင်းနှင့် ဒုတိယအကောင်းဆုံးသုံးသင်း စုစုပေါင်း ရှစ်သင်း ကွာတားဖိုင်နယ်ပွဲဆက်လက်ဆင်နွှဲကြမည်ဖြစ်သည်။

မြန်မာတင်းနစ်အသင်း၏အဖွဲ့ခေါင်းဆောင်နည်းပြအဖြစ် ဦးအေးထွန်း(မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်)က ဦးဆောင်ပြီး အားကစားသမားများအဖြစ် ဖြိုးမင်းသာ၊ ကျော်ဇော နိုင်နှင့် ညီညီထွန်းတို့ပါဝင်ကြသည်။

မြန်မာတင်းနစ်အသင်းပွဲဦးထွက် အနိုင်ရရှိထား၍ အုပ်စု(ခ)တွင် မျက်နှာပန်းလှကာ ကွာတားဖိုင်နယ်တက်ရန် ဂျပန်နှင့် ကစားရန်သာကျန်တော့သည်။ **(မြန်မာ့အလင်း)**

မြန်မာဟော်ကီကိုယ်စားလှယ်များ ပါကစ္စတန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၇

ဂျပန်နိုင်ငံ အာရှဟော်ကီအဖွဲ့ချုပ် DCC ဥက္ကဋ္ဌ Mr. Fumioogura၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပြည်ပရေးရာတာဝန်ခံနှင့် ကမ္ဘာ့ဟော်ကီအဖွဲ့ချုပ်(FIH)၊အာရှ ဟော်ကီအဖွဲ့ချုပ်(AHF) ဟော်ကီ အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ဦးကျော်နိုင်နှင့် ဟော်ကီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်တို့သည် အာရှဟော်ကီ အဖွဲ့ချုပ် (AHF) ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်း ခရီးဖြင့် ပါကစ္စတန်နိုင်ငံ ကရာချီမြို့သို့ ထွက်ခွာသွားသည်။

အဆိုပါ အဖွဲ့အား မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးအောင်ကြည်ဝင်း၊ တွဲဖက်ပြည်ပရေးရာတာဝန်ခံ ဦးကျော်ဌေးသိန်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာဟော်ကီ ကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်နိုင်ငံတွင် ကျင်းပလျက်ရှိသော (၅)ကြိမ်မြောက် အာရှ လူငယ်ဟော်ကီပြိုင်ပွဲများကိုလည်း ကြည့်ရှုလေ့လာကြမည်ဖြစ်သည်။ ထို့အပြင် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်သည် ပါကစ္စတန်နိုင်ငံ အားကစားဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် ပါကစ္စတန်နိုင်ငံအကူအညီဖြင့် မြန်မာနိုင်ငံတွင် မြက်ခင်းတုဟော်ကီအားကစားကွင်း တည်ဆောက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်းက တံခွန်ကိုအနိုင်ရရှိ

ရန်ကုန် ဧပြီ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ်ဘောလုံးရာသီအဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက တံခွန်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်းအသင်းအတွက် အနိုင်ဂိုးများကို ဝင်းသိန်းဦး၊ မာလ၊ ကျော်ဇင်ဝင်းနှင့်မျိုးမင်းထွန်းတို့က တစ်ဂိုးစီသွင်းယူပေးသည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို စီးပွား/ကူးသန်းအသင်းမှမျိုးမင်းထွန်းကရရှိသည်။ စီးပွား/ကူးသန်းအသင်းသည် ယနေ့ပွဲအနိုင်ရရှိသဖြင့် (၁၃)ပွဲကစားအမှတ်၃၀ဖြင့်ဒုတိယနေရာ၌ဆက်လက်ရပ်တည်နေသည်။

ယနေ့ပွဲ

ဧပြီ၂၈ရက်(ယနေ့)ညနေ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြည်ထဲရေးအသင်းနှင့် မလိခအသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ စွမ်းအင်အသင်းနှင့် သတ္တုတွင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဧပြီ ၂၇ရက်က မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲများကို သိမ်ဖြူတင်းနစ်ကွင်းတွင်ဆက်လက်ကျင်းပရာ အမျိုးသား အသက် ၁၀ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ဝေဖြိုးစောနိုင် ယှဉ်ပြိုင်စဉ်။
(မြန်မာ့အလင်း)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်-ကျွန်မတို့၏ သားဖြစ်သူ မောင်သက်လင်းဝင်း (ခ) Sonny ၁၂/မရက(နိုင်)၁၂၆၄၉၅သည် မိမိဆန္ဒအလျောက် တစ်ဖက်သတ်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဖခင် ဦးထွန်းရီ ၁၂/ဗဟန(နိုင်) ၀၇၄၆၂၄
မိခင် ဒေါ်သီတာဝင်း ၁၂/ဗဟန(နိုင်)၀၇၄၆၂၅

ဆီးချိုနှင့်နှလုံးရောဂါဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၂၇

USV Limited က စီစဉ်ကျင်းပသော "ဆီးချိုနှင့် နှလုံးရောဂါဆိုင်ရာ ဆွေးနွေးပွဲ" (Symposium on Diabetes & Cardiology) ကို မေ ၂၅ ရက်နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Grand Plaza Park Royal ဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဆရာဝန်ကြီးများ၊ ဆီးချိုနှင့် နှလုံးရောဂါအထူးကု သမားတော်ကြီးများ၊ USV Limited ဌာနေရုံးမှ တာဝန်ရှိသူများ၊ အထွေထွေရောဂါကု ဆရာဝန်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ ပထမပိုင်းဆီးချိုရောဂါဆိုင်ရာ လက်ရှိနှင့် နောက်ဆုံးတွေ့ရှိချက်များအပေါ် ပေါင်းကူးဆက်စပ်ပေးခြင်း ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ရဲမြင့်က ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ဆွေးနွေး

ထို့နောက် အိန္ဒိယနိုင်ငံ Mumbai မြို့ Grant Medical College ဆေးပညာဌာန တွဲဖက်ပါမောက္ခ Dr. Shashank Joshi က ဘီတာဆဲလ် သက်တမ်းကြာရှည် ထိန်းသိမ်းခြင်း (Beta Cell Preservation) ကို အဓိကဦးတည်လျက် ဆာလ်ဖိုနိုင်ယူရီယားအကြောင်း ထပ်မံဆွေးနွေးတင်ပြခြင်း (Sulphonyl Ureas Revisited) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ နေဝင်းက Thiazolidinedones ကို အဓိကထား၍ ဆီးချိုသွေးချိုရောဂါ၏ အကောင်းဆုံးကုထုံး (A Novel Approach in the Management of Diabetes.) ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးကြရာ တက်ရောက်လာကြသော သမားတော်ကြီးများနှင့် ဆရာဝန်များက သိရှိလိုသည်များကို မေးမြန်းကြပြီး သက်ဆိုင်ရာဆွေးနွေးသူများက ပြန်လည်ဖြေကြားကြသည်။

ဆွေးနွေးပွဲ ဒုတိယပိုင်း နှလုံးရောဂါဆိုင်ရာ လက်ရှိနှင့် နောက်ဆုံးတွေ့ရှိချက်များအပေါ် ပေါင်းကူးပေးခြင်းဆွေးနွေးပွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုဌာနမှ ပါမောက္ခ ဌာနမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်မေစန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ပြန်လည်ဖြေကြား

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုဌာန အတိုင်ပင်ခံ နှလုံးရောဂါကု ပါရဂူ ဒေါက်တာ တင်လတ်က နှလုံးသွေးခဲပျော်ဆေးများ (Anti -Platelets) ကို အဓိကထား၍ နှလုံးသွေးကြောကျဉ်း ရောဂါကုထုံးနှင့် ပတ်သက်၍ နောက်ဆုံးပေါ် သုံးသပ်ချက်များ (Newer Perspective in the Management of Unstable Angina) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ Interventional Cardiology & Cardiac Electro Physiology Batra Hospital & Medical Research Center မှ ညွှန်ကြားရေးမှူး Dr. Upendra Kaul က အာရှလူဦးရေဆိုင်ရာ သုံးသပ်ချက်များ (An Asian Perspective) ကို အဓိကထား၍ နှလုံးရောဂါဖြစ်နိုင်မှုများသော လူနာများအတွက် ကာကွယ်ရန်နည်းလမ်း (Prevention Strategy in High Risk Patients) ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြရာ တက်ရောက်လာကြသော သမားတော်ကြီးများနှင့် ဆရာဝန်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး သက်ဆိုင်ရာ ဦးဆောင်ဆွေးနွေးကြသူ များက ပြန်လည်ဖြေကြားကြကာ ဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရား နှစ်(၁၀၀)ပြည့် အထူးတရားပွဲ

ရန်ကုန် မေ ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားကြီး အထိမ်းအမှတ်အဖြစ် မေ ၂၈ ရက်တွင် မော်လမြိုင် သီရိမြိုင်ရပ်ကွက်ရှိ အောင်ဇမ္ဗူကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတဝံသက တရားဟောကြားမည်ဟုသိရသည်။ **(က-ပ)**

မဟာစည်သက်တော်ရာပြည့်အကြို ဓမ္မသာလာရေစက်ချပွဲနှင့် ဆွမ်းပဒေသာပင် အပင်၁၀၀၀ပြည့် ရေစက်ချပွဲကျင်းပမည်

ရန်ကုန် မေ ၂၇

ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ချုပ် ဩဝါဒါစရိယ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ သက်တော်ရာပြည့် ပူဇော်ပွဲအကြို ပူဇော်သောအားဖြင့် မဟာကုသလကာရီ ဓမ္မသာလာ အဆောက်အအုံ ရေစက်ချပွဲနှင့်(၁၅)ကြိမ်မြောက် ထာဝရဆွမ်းပဒေသာပင် အပင် ၁၀၀၀ ပြည့်ရေစက်ချလှူဒါန်းပွဲကို ၁၃၆၈ခုနှစ် ကဆုန်လပြည့်နေ့(မေ ၁၃ရက်)တနင်္လာနေ့နံနက် ၉ နာရီတွင် အမှတ် ၁၆ သာသနာ့ရိပ်သာလမ်း၊ မဟာစည်သာသနာ့ရိပ်သာကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူရှင် သူတော်ကောင်းအပေါင်းတို့က အနုမောဒနာ တရားနာယူ ရေစက်ချရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

မေ ၅ ရက်က မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြစ်ကြီးနားမြို့ ဆွမ်ပရာဘွမ်လမ်း လမ်းလယ်ကျွန်းပေါ်မြေခင်းအလှပြုပြင်ခြင်း၊ လမ်းဘေး ဝဲ/ယာ အရိပ်ရပင်၊ ပန်းအလှပင်များနှင့် သန့်ရှင်းသာယာလှပရေးစုပေါင်းဆောင်ရွက်ကြရာ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မအူကုန်းဓမ္မာရုံ ပဋ္ဌာန်းပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း တာမွေမြို့နယ် မအူကုန်းရပ်ကွက် ဓမ္မာရုံစောင့်ရှောက်ရေး အသင်းကကြီးမှူး၍ (၁၃)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို မေ ၁၁ ရက်မှ မေ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ဘဏကသံဃာတော်အရှင်သူမြတ်တို့က ငါးရက်တိုင်တိုင် ရွတ်ဖတ် ပူဇော်ကြမည်ဖြစ်သည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်၊ ဝေယျာဝစ္စလှူဖွယ်ပစ္စည်းများနှင့် ပဋ္ဌာန်းပွဲများ လှူဒါန်းလိုသည့် စေတနာရှင်များသည် အမှုဆောင်အဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဗီဒီယိုဇာတ်ကားသစ်များ အပြိုင်အဆိုင်ဖြန့်ချိ အတ္တပင်လယ် အဆင့်မြင့်ဗီဒီယို ရုံတင်ပြသမည်

မောင်ဆွေထွန်း

ရန်ကုန် မေ ၂၇

ယခု အပတ်တွင် မြန်မာဗီဒီယိုဇာတ်ကား ၁၃ ကား ထုတ်လုပ်ဖြန့်ချိနိုင်သည်ကို တွေ့ရသည်။ မေ ၂၆ ရက်မှ စတင်ဖြန့်ချိသည်။

ရွှေတောင်ရတနာ ဗီဒီယိုမှ ဝင်းထွန်းထွန်းရိုက်ကူး၍ ဖြိုးငွေစိုး၊ ကြည်လဲ့လဲ့ဦး၊ မြတ်ကေသီအောင်တို့ ပါဝင်သော **မေတ္တာရှိရင်းစွဲမို့ မလွဲနိုင်ပါ**၊ ကြောင်ကမ္ဘာ ဗီဒီယိုမှ ဇမ္ဗူထွန်းသက်လွင် ရိုက်ကူး၍ နေမျိုးအောင်၊ လှအဉ္ဇလီတင့်တို့ ပါဝင်သော **တုနှိုင်းမရတဲ့ မေတ္တာ**၊ အိတ်ဆဲလင့် ဗီဒီယိုမှ မီးပွားရိုက်ကူး၍ ကျော်ဟိန်း၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သော **ရူးပြီ**။

ထားဝယ်ဗီဒီယိုမှ လူမင်း၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်၍ ညီမင်းလွင်ရိုက်ကူးသော **နှင်းဆီကကြိုး**၊ စိန်ငွေဗီဒီယိုမှ မဟာရိုက်ကူး၍ အရိုင်း၊ အိန္ဒြေတို့ ပါဝင်သော **ကိုကိုရိုင်းတို့ လင်မယား**၊ အမိမြေဗီဒီယိုမှ လင်းထက်ရိုက်ကူး၍ ကျော်ဇောဟိန်း၊ ဆုပြည့်ကျော်တို့ ပါဝင်သော **မိုးကြိုးနှင့်လျှပ်စီး**၊ လပ်ကီးဆဲဗင်းဗီဒီယိုမှ ဒီအေးလွင် ရိုက်ကူး၍ မော့စ်၊ ခင်လှိုင်တို့ပါဝင်သော **တောကတာတီး မြို့က အာဖြီး**။

နေလအောင် ဗီဒီယိုမှ ဒါရိုက်တာ အောင်ဆွေဆက်ရိုက်ကူး၍နေလင်းဦး၊ ရွှန်းလဲ့ဦးတို့ ပါဝင်သော **စွန်ရဲလိုလူ သိုးလိုလူ**၊ မျက်ခြယ်ဗီဒီယိုမှ မောင်နန္ဒ ရိုက်ကူး၍ ခန့်စည်သူ၊ စိုးမြတ်နန္ဒာတို့ ပါဝင်သော **မိုးမခ ရတနာသိုက်**၊

မဏိရွှေစင် ဗီဒီယိုမှ မကြာမီဖြန့်ချိမည့် ချစ်သူ့မျက်ရည် ပုလဲဖြစ်ပါစေ ဇာတ်ကားမှ ဝေဠုကျော်နှင့် နဝရတ်။

ကြောင်ကမ္ဘာဗီဒီယိုမှ သီဟတင်စိုး ရိုက်ကူး၍ သီဟတင်စိုး၊ နှင်းဝတ်ရည်သောင်းတို့ ပါဝင်သော **နေရာမှန်လူမှန်**။

ဒါရိုက်တာရဲမင်းပိုင် ရိုက်ကူး၍ ရဲမင်းပိုင်၊ ဆုရည်နွယ်တို့ ပါဝင်သော **ပြန်ပေးရမယ့် ကျေးဇူး**၊ ဆွေဗီဒီယိုမှ အောဝမ်းရိုက်ကူး၍ စိုင်းသီဟ၊ ကျော်ဇောဟိန်း၊ နှင်းဇကရီတို့ ပါဝင်သော **မာယာကျော့ကွင်း**၊ မိသစ်ဗီဒီယိုမှ ဒေဗင် ရိုက်ကူး၍ ကင်းကောင်၊ ကျော်ထူး၊ ထက်ထက်၊ သင်းသင်းယုလှိုင်တို့ ပါဝင်သော **ဖွတ်မချစ်နဲ့ ကိုဖိုးကော်** ဇာတ်ကားတို့ဖြစ်သည်။ ။**(မြန်မာ့အလင်း)**

ဒါရိုက်တာ သီဟတင်စိုး၏ နေရာမှန်လူမှန် ဗီဒီယိုဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

မကြာမီ ရုံတင်ပြသမည့် အတ္တပင်လယ် အဆင့်မြင့်ဗီဒီယို ဇာတ်ကားမှ ရာဇာနေဝင်းနှင့် ခိုင်နှင်းဝေ။

အတ္တပင်လယ် ရုံတင်ပြသ

ရန်ကုန် မေ ၂၇

ဇမ္ဗူတလူ ဗီဒီယိုမှ ဒါရိုက်တာ ဝင်းထွန်းထွန်းရိုက်ကူး၍ ကျော်သူ၊ ရာဇာနေဝင်း၊ မေသဉ္ဇာဦးနှင့် ခိုင်နှင်းဝေတို့ ပါဝင်သော **အတ္တပင်လယ်** အဆင့်မြင့်ဗီဒီယိုဇာတ်ကား ဆင်ဆာခွင့်ပြုချက်ရရှိပြီးဖြစ်၍ မေ ၃၀ရက် ရွှေဂုန်၊ ရွှေမန်း၊ သီတာရုံများ၌ ရုံတင်ပြသမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

အကြိမ်(၇၀)မြောက် သွေးလှူဒါန်း

ရေနံချောင်း မေ ၂၅

မကွေးတိုင်း ရေနံချောင်းမြို့နယ် သူဌေးကုန်းကျေးရွာမှ ဦးကိုလင်း **(အပေါ်ပုံ)**သည် မင်္ဂလာဗျူဟာအသင်းချုပ်၏ ဒါနဥပပါရမီ မေတ္တာသွေးလှူဒါန်းပွဲ၌ မေ ၂၅ရက်က အကြိမ်(၇၀)မြောက်သွေး လှူဒါန်းသည်။ **(က-ပ)**

ကြက်မောက်တောင်ဆည်ရေသောက် နွေစပါးစိုက်ခင်းများ ကွင်းဆင်းစစ်ဆေး

ကျောက်ပန်းတောင်း မေ ၁၂

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင် ဆည်ရေသောက် မကျီးတိုင်းအုပ်စု၊ စည်ပင်သာယာကျေးရွာအုပ်စု နွေစပါးစိုက်ခင်းများကို ဒုတိယဗိုလ်မှူးကြီးအေးမင်းသိန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များ မတ် ၂၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

နွေစပါးစိုက်ပျိုးမှုစစ်ဆေးကြည့်ရှုရာ အထူးအထွက်တိုး စိုက်ပျိုးသော စည်ပင်သာယာကျေးရွာ တောင်သူဦးညွန့်မောင်၏ ကွင်းအမှတ် (၂၂၆၈) ကြည့်ရှုစစ်ဆေးရာ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာဦးကြည်မြင့်၊ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်တင်သိန်းနှင့် အဖွဲ့ဝင်များက တစ်ကေသတ်မှတ်သော ကောက်ပင်ရေဝင်ဆံ့မှုအရ ကြိုးတန်းဖြင့် စနစ်တကျစိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြကြသည်။ **(ဝ၆၁)**

ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့နယ် လယ်တီ စာကြည့်ပိဋကတ်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၄ ရက်က ကျင်းပရာ ရွှေတောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းတင်နှင့် မြန်မာ့ရုပ်မြင်သံကြားဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၁၆)

သက်ကြီးပူဇော်ပွဲကျင်းပ

ကျိုက်လတ် မေ ၂၂

ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မေ ၁၇ရက်က အမှတ်(၃)ရပ်ကွက်၊ (၆) ဖြတ်လမ်းရှိ ဗဟိုရေကစားမဏ္ဍပ်တွင် အသက် ၈၀နှင့် အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပသည်။

အခမ်းအနားတွင် အသက် ၈၀နှင့်အထက် ဘိုးဘွား ၈၇ ဦးအား တစ်ဦးလျှင် ကျပ် ၄၀၀၀ဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။ **(ဝ၅၈)**

မေ ၂၆ရက်က ကြို့ပင်ကောက်မြို့ ကုန်းမြင့်ကျေးရွာတွင် နှစ်လက်မ စက်ရေတွင်း တူးဖော်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ကြပ်မတ်ဆောင် ရွက် ပေးစဉ်။ (ဝ၄ဝ)

စဥ့်ကိုင်မြို့တွင် ကိုယ့်အားကိုယ်ကိုး အောင်ချမ်းသာတံတားဖွင့်

စဥ့်ကိုင် မေ ၁၁

စဥ့်ကိုင်မြို့ ရန်နိုင်ရပ်ကွက် ရွှေကျီးနားကျောင်းတိုက်ရှေ့ရှိ ပလိပ်မြောင်းကူး ကိုယ့်အားကိုယ်ကိုး အောင်ချမ်းသာတံတားဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ ရက်က ကျင်းပရာမြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရွှေကျီးနားကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ဝေပုလ္လနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တာယာအရောင်းကိုယ်စားလှယ် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မေ ၂၇

ဂျပန်နိုင်ငံ YOKOHAMA တာယာ၏ မြန်မာနိုင်ငံ ကိုယ်စားလှယ် Tyre World Co., Ltd.(အနော်ရထာ တာယာ)နှင့် စင်ကာပူနိုင်ငံ Y.H.I Corporation တို့ ပူးပေါင်းစီစဉ်မှုဖြင့် YOKOHAMA တာယာအရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲနှင့် ၂၀၀၃ခုနှစ် ရောင်းအားအကောင်းဆုံး ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၆ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ YOKOHAMA Tyre Corporation နှင့် စင်ကာပူနိုင်ငံ Y.H.I Corporation တို့မှ တာဝန်ရှိသူများ၊ Tyre World Co., Ltd.ဥက္ကဋ္ဌဦးမောင်မောင်ခင်၊ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်စိန်၊ ဒါရိုက်တာများဖြစ်ကြသည့် ဒေါ်သန်းကြည်၊ ဦးမောင်မောင်လွင်၊ ဦးမောင်မောင်ဝင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Tyre World Co., Ltd.ဥက္ကဋ္ဌဦးမောင်မောင်ခင်၊ ဂျပန်နိုင်ငံ Y.R.C Corporationမှ General Manager Mr. Takashi Kuneidaနှင့် စင်ကာပူနိုင်ငံ Y.H.I Corporationမှ Mr. Tay Tian Guam တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး ၂၀၀၃ခုနှစ်အတွက် YOKOHAMA တာယာရောင်းအားအကောင်းဆုံးဆုရ အရောင်းကိုယ်စားလှယ်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ **(အပေါ်ပုံ)** ဧည့်သည်တော်များအတွက် ကံစမ်းမဲဖောက်ပေး၍ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (က-ပ)

အီလက်ထရွန်နစ် နည်းစနစ်သုံးပညာရေးစီမံခန့်ခွဲမှုသင်တန်းအတွက် ထုတ်လွှင့်မည့်အစီအစဉ်

၃၀-၄-၂၀၀၄ (သောကြာနေ့) Day-5

စဉ်	အချိန်	ပို့ချမည့်အကြောင်းအရာ	ကြာမြင့်ချိန်	မှတ်ချက်
၁။	နံနက် ၉း၀၀ မှ ၉း၀၅	သင်တန်းပဥ္စမနေ့ နံနက်ပိုင်းလွှင့်ထုတ်မည့် အစီအစဉ်များ	၅ မိနစ်	
၂။	၉း၀၅ မှ ၉း၂၈	ပညာရည်စစ်ဆေးတိုင်းတာမှုနှင့် ကြီးကြပ်ကွပ်ကဲမှုလုပ်ငန်းများ	၂၃ မိနစ်	ဦးရန်နိုင် DEPT
၃။	၉း၂၈ မှ ၉း၃၁	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၄။	၉း၃၁ မှ ၉း၅၁	သိပ္ပံပစ္စည်းကိရိယာများနှင့် အခြားပစ္စည်းများလက်ခံရရှိမှု/သုံးစွဲမှု၊	၂၀ မိနစ်	ဦးသောင်းရွှေ DEPT
၅။	၉း၅၁ မှ ၉း၅၄	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၆။	၉း၅၄ မှ ၁၀း၁၆	မြန်မာ့ယဉ်ကျေးမှုထုံးဓလေ့များ	၂၂ မိနစ်	ဦးမြင့်ဟန် MERD
၇။	၁၀း၁၆ မှ ၁၀း၂၁	ဖျော်ဖြေရေးအစီအစဉ်	၅ မိနစ်	
၈။	၁၀း၂၁ မှ ၁၀း၄၅	ကျောင်းပြင်ပပညာရေး၏သဘောသဘာဝ	၂၄ မိနစ်	ဦးမြင့်ဟန် MERD
၉။	၁၀း၄၅ မှ ၁၀း၅၀	ဖျော်ဖြေရေးအစီအစဉ်	၅ မိနစ်	
၁၀။	၁၀း၅၀ မှ ၁၁း၀၀	Post-Test မေးခွန်းလွှာပေးပို့ခြင်း ညနေပိုင်းလွှင့်ထုတ်မည့်အစီအစဉ်များ	၁၀ မိနစ်	
၁၁။	**၁၁း၀၀မှ ၁၃း၀၀**	**နေ့လယ်စာစားချိန်**		
၁၂။	၁၃း၀၀ မှ ၁၃း၃၄	ကျေးလက်ဒေသပညာရေးဖွံ့ဖြိုးမှု	၃၄ မိနစ်	ဦးမြင့်ဟန်
၁၃။	၁၃း၃၄ မှ ၁၃း၃၇	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၁၄။	၁၃း၃၇ မှ ၁၃း၅၇	ကလေးသူငယ်ဥပဒေ	၂၀ မိနစ်	ဒေါ်စီစီအေး MERD
၁၅။	၁၃း၅၇ မှ ၁၄း၀၀	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၁၆။	၁၄း၀၀ မှ ၁၄း၃၀	ပညာရေးစီမံခန့်ခွဲမှု	၃၀ မိနစ်	ဒုတိယဗိုလ်မှူးကြီးဝင်းထိန် DG,DBE (2)
၁၇။	၁၄း၃၀ မှ ၁၄း၃၃	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၁၈။	၁၄း၃၃ မှ ၁၅း၀၃	ပညာရေးစီမံခန့်ခွဲမှု အပိုင်း (၁)	၃၀ မိနစ်	ဒုတိယဝန်ကြီး (အခြေခံ)
၁၉။	၁၅း၀၃ မှ ၁၅း၀၆	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၂၀။	၁၅း၀၆ မှ ၁၅း၃၆	ပညာရေးစီမံခန့်ခွဲမှု အပိုင်း (၂)	၃၀ မိနစ်	ဒုတိယဝန်ကြီး (အခြေခံ)
၂၁။	၁၅း၃၆ မှ ၁၅း၃၉	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၂၂။	၁၅း၃၉ မှ ၁၆း၀၁	မြန်မာနိုင်ငံစာစစ်အဖွဲ့အကြောင်း သိကောင်းစရာ	၂၂ မိနစ်	သူရဦးအောင်ထွန်း (စာစစ်အဖွဲ့)
၂၃။	၁၆း၀၁ မှ ၁၆း၀၄	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၂၄။	၁၆း၀၄ မှ ၁၆း၁၉	Post-Test ဖြေဆိုခြင်း	၁၅ မိနစ်	
၂၅။	၁၆း၁၉ မှ ၁၆း၂၉	Evaluation	၁၀ မိနစ်	
၂၆။	၁၆း၂၉ မှ ၁၇း၀၀	ဒုတိယဝန်ကြီး (အခြေခံ) သင်တန်းပိတ်ပွဲမိန့်ခွန်းပြောကြားခြင်းနှင့် သင်တန်းပိတ်ပွဲ အစီအစဉ်		

မြန်မာ့အသံ

၂၉-၄-၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၏ လင်ဗီးဆေးတောင့်ထုတ်လုပ်မှုအကြောင်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)အောင်ရာအောင်ကြောင်း အောင်သည့်စကားများ (ဒေါက်တာမတင်ဝင်း- ပညာရေးတက္ကသိုလ်) (၂)ပညာရှင်များရဲ့ နှစ်ဆယ့်တစ်ရာစု-ကျော်ဝင်း)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ခေတ်မီဆက်သွယ်ရေးလုပ်ငန်းများအကြောင်း- မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ကြာဆန်ကြီးနှီ့စိမ်းခေါက်ဆွဲ)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတရေးရာဖြေကြားလွှာ
၁၉း၁၅ ဇာတ်လမ်းပမာ (ယောကျ်ားဗျ ယောကျ်ား)
၁၉း၄၀ ဟန်မျိုးစုံညီတေးကိုသီ)

မေ၁၉ရက်က မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပန်းဥယျာဉ်မြို့ ဖြစ်စေရေး၊ အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးတို့ကကြီးကြပ်လျက်အဖွဲ့ဝင်ထမ်းများ လွတ်လပ်ရေးပန်းခြံအတွင်း ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးခြင်းကို ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

SoftGuide Computer

- Microsoft Office XP
- D.T.P Course
- Graphic Design
- Turbo C++
- Visual Basic
- Auto CAD
- Computerized Accounting (ACCPAC)
- Special Course for Kid's

☎ 382180, 382185

၄၁/ကားရောင်းမည်

၄၉ ယောက်စီး
အဲယားကွန်း လေအိပ်
NISSAN/RE 8 ၆၃၉၄၆၆
Ext : ၃၆၅ ၆၃၉၄၅

CRANE

Golden Hope

ဖွဲ့စည်းပုံ/လုပ်ငန်းများအတွက်

ကျပ်ပြား

No. 8, No. 10, 12 (4 mm Ø, 3.25 mm Ø, 2.5 mm Ø)

E-mail Address: mfwmin @ myanmar.com.mm

Water Doctor

Supreme

"SUPREME ENTERPRISE LTD"

YE NOOS & ASSOCIATES (Law Firm)

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ ဒေါ်နာ၊ အကျိတ်ဖြစ်သူများ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ်၊ တရားမကြီးမှု အမှတ်–၉၈၄

ဦးအောင်နိုင် နှင့် **ဒေါ်ခင်အေးမူ**
တရားလို
တရားပြိုင်

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၆) လမ်း အိမ်အမှတ်–၈၇ နေသူ ဒေါ်ခင်အေးမူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုကချေးငွေနှင့်နစ်နာကြေးငွေရလိုမှု လျှောက်ထားစွဲဆိုလျက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး၊ တစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် မေလ ၇ ရက် (၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်နေ့) နံနက် ၁၀ နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ချေပရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ပို့အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဧပြီလ ၂၂ ရက်နေ့၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြသိမ်း
တွဲဖက်တိုင်းတရားသူကြီး (၁၅)၊
ရန်ကုန်တိုင်းတရားရုံး

ဝမ်းနည်းကြေကွဲခြင်း

၂၂–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသော သူငယ်ချင်း မေသွယ်နိုင် (ခ) မိုနီအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
သူငယ်ချင်း ကောင်းရာသုဂတိသို့ရောက်ပါစေ။

သူငယ်ချင်းများ၊ နဝမတန်း၊ အထက(၁)ဒဂုံ။

အမည်ပြောင်း

ဦးလှမောင်၏သမီး အထက (၄) သဃ်န်းကျွန်း နဝမတန်း(C)မှ မဆွေဇင်လတ် ၁၂/သဃက(နိုင်) ၁၆၆၀၀၆ အား မစန္ဒာမင်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။

မစန္ဒာမင်းမောင်။

Bus ကားရောင်းမည်
၁က(22 Fuso)

လက်ရှိပြေးဆွဲနေသည်။
ညှိနှိုင်းဈေးဖြင့်ရောင်းမည်။
ဖုန်း– ၀၉–၅၀၁၇၄၁၆၊ ၄၄၁၀၂၇၀၊ ၄၄၁၀၂၇၈

ဦးသန်းရီ
(ကြံခင်းမြို့)
(စိုးမိုးကျော်နှင့်ဝိုင်းဝိုင်းလည်ထီဆိုင်)
ခြံသော့မင်းယာဉ်ငယ်အသင်း
လိုင်း(၃)ဥက္ကဋ္ဌ
မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့
စည်းရုံးရေးကော်မတီဝင်
အသက်(၆၂)နှစ်

လားရှိုးမြို့၊ (၉)ရပ်ကွက်၊ နယ်မြေ (၁၀)၊ သဲအင်းဂူလမ်း၊ အိမ်အမှတ်၅နေ ဒေါ်ထွေးထွေး မြင့်၏ခင်ပွန်း၊ မခင်ပပရီ၊ မအေးသီရိရီတို့၏ ဖခင်၊ မိတ္ထီလာမြို့နေ ဒေါ်တင်တင်ဌေး၊ ကိုအောင်ကျော်–မစန်းစန်းဌေး၊ ကိုမင်းဆွေ–မငယ်လေး၊ ကိုစိုးမိုး–မအေးအေးမာ၊ ကိုစိုးနိုင်–မစုစုတင်၊ ကိုကျော်သူနိုင်၊ မဥမ္မာညွန့် (ဆည်မြောင်း)တို့၏ဦးလေး၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၂–၄–၂၀၀၄ရက် ညနေ ၄း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄–၄–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့ ကြာကန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၁လမ်းနေ
ဒုရဲမှူးထွန်းလှဖေ (ငြိမ်း)-ဒေါ်ရွှေစိန်(ကျောင်းဆရာမ-ငြိမ်း)တို့၏သား

မောင်မောင်ဇော် 3rd Year (Physics)

2nd Mate (F.G) (J.S.M, Shipping Co.,Ltd.)

နှင့်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေစံပယ်ရိပ်မွန်နေ
ဦးစံထွန်း (လက်ထောက်အမှုဆောင်အင်ဂျင်နီယာ-မြို့ပြ-ငြိမ်း
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်တင်နုတို့၏သမီး

မခိုင်ခိုင်ထွန်း B.A (Hons:) M.A (Geography)

နည်းပြ၊ ပထဝီဝင်ဌာန (ပဲခူးဒီဂရီကောလိပ်)

တို့၏ ၂၂-၄-၂၀၀၄ရက်တွင် တရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီးဦးခင်မြင့်၊ ၂၄-၄-၂၀၀၄ရက်တွင် Yuzana Garden Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးသော ဦးသန်းငွေ (အင်ဂျင်နီယာချုပ်မြို့ပြ -ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဇနီးဒေါ်စိန်ရီ၊ သတို့သားအရန် ကိုစိုးနိုင်၊ သတို့သမီးအရန်မဖြူဖြူထွန်း၊ မင်္ဂလာပန်းကြဲပေးသော မမာမာဇံ၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မောင်ဇော်-မခိုင်ခိုင်ထွန်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)1/MR (ML) 2004- 2005	(1) Ball Bearing No. MA 16052 (400˚x˚260 Ø˚x˚44mm)	1 - No
		(2) Bearing NU-2938	20 - Nos
		(3) Roller Bearing with Sleeve (SKF, 23222 CCK)(C3-W33)	1000 - Sets
2.	12(T)2/MR(ML) 2004-2005	Master Alloy (Fe NL, Fe Mo, Fe Cr, Fe Mn)	1 - Lot

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၂၇-၅-၂၀၀၄(ကြာသပတေးနေ့)(၁၂း၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် - ၂၇-၅-၂၀၀၄ (ကြာသပတေးနေ့) (၁၄း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၇-၄-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅-လိုင်းခွဲ ၆၀၂၊ ၆၀၅၊ ၆၁၂

အမည်ပြောင်း

အထက(၁) ဒေါပုံမြို့နယ် နဝမတန်း(H)မှ ဦးလှထွန်း၏သား မောင်ကျော်စွာထွန်းအား ကျော်စွာမင်းဟု ပြောင်းလဲခေါ်ပါရန်။

ကျော်စွာမင်း။

ကန့်ကွက်ရန်ကြေညာခြင်း

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် မြေတိုင်းရပ်ကွက် ၈၇/၃၇၄(က) အမည်ပေါက် ဦးခင်မောင်ဝင်း နှင့် ၈၇/၃၇၄(ခ) ဒေါ်အေးအေးမြင့်တို့က တစ်ဆင့်ပါမစ်ဝယ်ယူထားသူ ဦးငွေရမှမြို့ရွာ/အိုးအိမ်ဌာနတွင် ပါမစ်မိတ္တူလျှောက်ထားလိုပါ၍ ကန့်ကွက်လိုသူများ ကြေညာသည့်ရက်မှ ၇ ရက်အတွင်း မြို့ရွာ/အိုးအိမ်သို့ ကန့်ကွက်နိုင်ကြောင်းနှင့် ပါမစ်မူရင်းလက်ဝယ်ရှိသူအား အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးငွေရNVU-015060
(၈၇ ရပ်ကွက်/ဒဂုံဆိပ်ကမ်း)မြို့နယ်

အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့ နဂါးရုံဘုရားလမ်း အိမ်အမှတ် ၅/၁၃နေ သားဖြစ်သူ မောင်ကျော်ဝေလင်း ၇/တငန(နိုင်) ၁၁၉၀၄၄ သည် မိဘ၏ဆိုဆုံးမမှုကို လုံးဝနာခံခြင်းမရှိဘဲမိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)

မိဘ ဦးကင်း-ဒေါ်နီလာစိုး(တောင်ငူ)

ကိုမျိုးမြင့်ထွန်း

B.A(History),Q
DBS Yangon Institute of Economics

အသက်(၃၅)နှစ်

မော်ဘီမြို့၊ အမှတ်(၂)၊ တိုးချဲ့မြို့မအနောက်ခြမ်း၊အမှတ်(E-1)နေ အရာခံဗိုလ်ကျော်စိုး(ငြိမ်း)-ဒေါ်အေးနွဲ့တို့၏သား၊ မစိုးစိုးနွဲ့(ဒု-တာဝန်ခံ၊ အင်းစိန်ဈေး၊ YCDC) ၏ မောင်၊ ရန်ကုန်မြို့နေ ဦးဉာဏ်ထွန်း (လ/ထ တိုင်းပညာရေးမှူး၊ ငြိမ်း)-ဒေါ်ခင်ဝင်း (အထပြ၊ ငြိမ်း) တို့၏သားသမက်၊ မမိုးမြင့်သွင် (PME Co.,Ltd.)၏ ခင်ပွန်း၊ မမြင့်မိုရ်သိမ့်၏ ဖခင်သည် ၂၀-၄-၂၀၀၄ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မော်ဘီသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့်-ဒေါ်စန်းစန်းတို့၏ ညီမောင် ဦးမျိုးညွန့် အသက်(၅၆)နှစ်သည် ၂၃-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ခံစားမိပါကြောင်း။

သတ္တုတွင်းဝန်ကြီးဌာန၊ဝန်ကြီးရုံး
ဝန်ထမ်းမိသားစုများ။

ခရသင်းခြောက်မျိုး အထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး ခရသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း၊ ရပ်နီး ရပ်ဝေးမှ ဝေဒနာရှင်များကို သိရှိရန်ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်းလင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမနွယ် သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်

သမားတော်ကြီး ဦးကျော်ဟိုး

အမှတ် ၃၇/၂၊ ဇင်ယော်လမ်း၊ ၁၄ ရပ်ကွက်၊ မြင်သာအိမ်ရာ-၂၊ တောင်ဥက္ကလာပ၊ ရန်ကုန်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ် ၁၀၅၆

တရားလိုများ		တရားပြိုင်များ
၁။ ဦးဘိုဘိုဦး	နှင့်	၁။ ဦးဘစိန်
၂။ ဦးဆန်နီဦး		၂။ ဦးအောင်ရဲမြင့်
၃။ ဒေါ်ဖြူဖြူဦး		၃။ ဦးခိုင်မြ
၄။ ဒေါ်အေးအေးဦး		၄။ ဒေါ်တင်နွယ်အေး
၅။ ဒေါ်မာလွင်ဦး		၅။ ဦးလှဘော်
၆။ ဦးအောင်သက်ခိုင်		၆။ ဦးကြည်မောင်ထွေး
၇။ ဒေါ်မြတ်ရည်မွန်		၇။ ဒေါ်ခင်ခင်ညွန့်
၈။ ဦးအောင်စိုးပိုင်		၈။ ဒေါ်ဖလိုနာပိုင်
၉။ ဦးအောင်ဖုန်းနိုင်		၉။ ဦးဂျော့ဖရီပိုင်

အထက်အမည်ပါ အမှတ်(၈)တရားပြိုင် ဒေါ်ဖလိုနာပိုင်နှင့် အမှတ်(၉) တရားပြိုင် ဦးဂျော့ဖရီပိုင် (ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

သင်တို့အပေါ် တရားလိုများက လိမ်လည်ရယူထားသော ဒီကရီဖြစ်၍ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပြီး ထိုဒီကရီကိုပယ်ဖျက်ပေးစေလိုမှုနှင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် မေလ ၁၉ ရက် (၁၃၆၆ ခုနှစ် နယုန် လဆန်း ၁ ရက်)နေ့ မွန်းမတည့်မီ နံနက် ၉း၃၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်များကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး (၉)
ရန်ကုန်တိုင်းတရားရုံး

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လမ်းမတော်မြို့နယ် လမ်းမတော်ကွန်ဒိုစင်တာအိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ ရရှိထားပြီး အဆောက်အအုံနေထိုင်ခွင့် စာချုပ်ထုတ်ပေးထားပြီး ဖြစ်ပါသည်။ ယခုအခါ အဆိုပါ အဆောက်အအုံနေထိုင်ခွင့် စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားသဖြင့် မိတ္တူမှန် ပြန်လည်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် မိတ္တူမှန်ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့် ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	မူလပိုင်ရှင်အမည်	မှတ်ပုံတင်အမှတ်	အိမ်ရာအမည် အခန်းအမှတ်
	ဦးစိုးဝင်း	၁၂/ကမရ(နိုင်) ၀၅၁၉၉၃	အခန်း-၆၀၄ လမ်းမတော်ကွန်ဒိုစင်တာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၆)ရပ်ကွက် သီရိမာလာလမ်းသွယ် ခုနစ်မိုင်ခွဲ ပြည်လမ်း အိမ်အမှတ် ၅၆(F)နေ ကွယ်လွန်သူ ဒေါ်ခင်ကြည်(၈၄)နှစ် (အငြိမ်းစား) အကြီးတန်း လက်ထောက်အုပ်ချုပ်ရေးမှူး ကုလသမဂ္ဂ ပြန်ကြားရေးဌာန၏ ဈာပနတွင် အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော မွေး/ကု ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှု ဦးစီးဌာနနှင့် ဦးစီးဌာနလုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများ၊ Myanmar Seafood Co., Ltd. အပြည်ပြည်ဆိုင်ရာ တနင်္သာရီ ရေလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းအသီးသီးမှ မိတ်ဆွေများ၊ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သော ကုလသမဂ္ဂ ပြန်ကြားရေးဌာန ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံ သိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ဓနိတောရှိ မီးထိုးဆီပျက် အဆင့်ချရေနံချေး ၁၇၈၃၂ ဂါလန် (ပီပါခွံအပါအဝင်)အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းပုံစံရောင်းချမည့်-
(က) နေ့ရက် - ၄-၅-၂၀၀၄
(ခ) နေရာ - ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့် ဓနိတော အထွေထွေမန်နေဂျာရုံး
(ဂ) တင်ဒါတစ်စောင်ဈေးနှုန်း - ကျပ် ၅၀၀၀ိ/(ကျပ်ငါးထောင်)
(ဃ) တင်ဒါပိတ်မည့်ရက် - ၁၂-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) ၁၄း၀၀ နာရီ

၃။ တင်ဒါ တင်သွင်းသူသည်တင်ဒါဆွဲယူခွင့်စပေါ်ငွေကျပ်(၅၀၀၀၀ိ/) (ကျပ်ငါးသိန်းတိတိ)ကို ငွေသားဖြင့် ပေးသွင်းရမည်။

၄။ ဝယ်ယူခွင့်ရရှိပြီးပါက ခုနစ်ရက်အတွင်း မိမိအစီအစဉ်ဖြင့် ပြီးစီးအောင် ထုတ်ယူရမည်။

ချိပ်ပိတ်တင်ဒါရောင်းချရေးကော်မတီ
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ဓနိတော။

ရောင်းမည်

Ph : 01-541396, 540868

အမည်ပြောင်း

ဦးအောင်သန်းလွင်၏ သမီး မြိတ်မြို့အမက (မြစ်ငယ်) စတုတ္ထတန်း (က)မှ မချောလွင်လွင်ဆုအား ယနေ့မှ စ၍ မချောလွင်ဆု ဟု ပြောင်းလဲ ခေါ်ပါရန်။ **မချောလွင်ဆု။**

အမည်ပြောင်း

မကွေးမြို့ အလက-၄ တတိယတန်း(A)မှ ဦးမြဝင်း-ဒေါ်လှဌေးရီတို့၏သမီးဖြစ်သူ မသဲနုအောင်အား ယနေ့မှစ၍ မသင်းလဲ့လဲ့မြဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မသင်းလဲ့လဲ့မြဝင်း။

ပြန်လည်ပြင်ဆင်ကြေညာခြင်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၃၆(ဂျီ)၊ မြေကွက်အမှတ် ၇၁ဘီ၃ မြေကွက်နှင့်ပတ်သက်၍ တရားဝင် သက်ဆိုင်သူက နောင်တွင်မြေကွက်အရောင်းအဝယ် ပြုလုပ်ခဲ့သော် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ပိုင်လမ်းမြေအသုံးပြုခွင့်ကို ထည့်သွင်းမရောင်းပါဟူ၍လည်းကောင်း၊ ယင်းမြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ်ရန်ဖြစ်စေ၊ ဝင်းထရံ ပြုလုပ်ရန်ဖြစ်စေ၊ မြေကွက် ခွဲစိတ်ရန်ဖြစ်စေ သက်ဆိုင်ရာဌာန၌ ခွင့်ပြုမိန့်တောင်းခံသောအခါ ယင်းမြေကွက်သို့ ဝင်ထွက်ရာလမ်းအဖြစ် ရိပ်သာပိုင်လမ်းမြေကို မညွှန်းပြပါဟူ၍လည်းကောင်း ဝန်ခံကတိပြုပါသည်။

ဒေါ်မွေး
၁၂/ရကန(နိုင်)၀၅၅၉၁၆
အမှတ် ၁၇၊ အေ ၄၊ကမ္ဘာအေးဘုရားလမ်း
ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ(ကျွန်းစုမြို့)

ဒေါ်ငွေရှင် အသက်(၆၅)နှစ်

ကျိုက္ခမီမြို့ ရွှေပိတောက်ရပ်နေ ဦးကျန်သာ-ဒေါ်အေးထိန်တို့၏ အငယ်ဆုံးသမီး၊ ကျွန်းစုမြို့၊ အမှတ် (၁)ရပ်ကွက်နေ ဦးသန်းကြွယ်၏ဇနီး၊ ဦးအောင်သန်းဦး-ဒေါ်အေးဝင်း၊ ဦးအောင်ကျော်မိုး-ဒေါ်စီစီသန်း၊ မောင်ကျော်မိုးထွန်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၄-၄-၂၀၀၄ ရက် ည ၈း၃၀ နာရီတွင် ကျွန်းစုမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျွန်းစုမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးလှ
B.S. (Hons.), M.S. (Electrical Power), Lehigh University, U.S.A.
လက်ထောက်အင်ဂျင်နီယာချုပ်(ငြိမ်း)၊ MEPE
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၁၄၂၊ အနော်ရထာလမ်းနေ (ဦးသန်းဖေ-ဒေါ်စောရင်)တို့၏သား၊ ဒေါ်အုန်းကြည်၏ခင်ပွန်း၊ မောင်ဉာဏ်စိုးလှ (နောက်ဆုံးနှစ်၊ အပိုင်းက၊ ဆေးတက္ကသိုလ်-၁)၏ဖခင်၊ ဒေါက်တာရွှေထူး-Anne Htoo(New York, U.S.A)၊ (ဒေါက်တာမြသာ)-Gerlind Tha (Hanover, Germany)၊ ဒေါက်တာအောင်ကျော်-ဒေါက်တာခင်သန်းတင်တို့၏ညီ၊ (ဦးတင်ထွန်း၊ ပုလဲနှင့်ငါးမွေးမြူရေးလုပ်ငန်း၊ ငြိမ်း)-ဒေါ်တင်ငွေး(အထက်တန်းပြဆရာမ၊ Ruamrudee International School, Bangkok)၊ ဒေါ်တင်တင်အေး(New York, U.S.A)၊ (ဦးပဉ္စင်းဦးပညိန္ဒ)၊ ဒေါက်တာစောဂျေသာ-ဒေါက်တာမေခင်ထွေး(Australia)တို့၏အစ်ကိုသည် ၂၆-၄-၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၄း၁၅ နာရီတွင် ကန်သာယာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းဖေ (မုံရွာဝင်းဖေ)
စာတည်းမှူးချုပ်(ငြိမ်း)၊ စာပေဗိမာန်

စာပေဗိမာန် စာတည်းမှူးချုပ်(ငြိမ်း) ဦးဝင်းဖေ (မုံရွာဝင်းဖေ) ၂၂-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စာပေဗိမာန်ဝန်ထမ်းမိသားစု။

(၅)နှစ်ပြည့်အလွမ်း
မအိမို့မို့ခိုင်
အထက(၃)မင်္ဂလာတောင်ညွန့်

ချစ်သမီးလေး(အိ)ခွဲခွာသွားသည်မှာ ၂၈-၄-၂၀၀၄ရက်နေ့တွင် (၅)နှစ်ပြည့်မြောက်သော်လည်း ဖေကြီး-မေကြီးတို့မိသားစုက တစ်နေ့မှမေ့မရခဲ့ပါ။ သမီးလေး (အိ)အတွက် နေ့စဉ် နှစ်စဉ်လှူဒါန်းခဲ့သော ကုသိုလ်ကောင်းမှုအစုစုတို့ကို သမီးလေး(အိ)အတွက် အမျှပေးဝေပါသည်။ ကောင်းမွန်မြင့်မြတ်သော ဘုံဘဝမှနေ၍ သမီးလေး(အိ)အမျှရပြီး သာဓု-သာဓု-သာဓု သုံးကြိမ်ခေါ်ဆိုနိုင်ပါစေ။

သမီးလေး(အိ)ရေ အမျှ-အမျှ-အမျှ

ဖေဖေကြီး - ဦးတင်ထွဋ်

(မြို့နယ်တရားသူကြီး၊မရမ်းကုန်း)

မေမေကြီး - ဒေါ်ယုယု

မမကြီး - မကျော့ဝင့်ဝင့်ခိုင်

ကိုကိုကြီး - မောင်ရဲထွဋ်အောင်

ယူစိန်ထွန်း(ခ)ဦးစိန်ထွန်း
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၁၀၄၊ ပထမထပ်နေ [ယူဟုန်စိန်-ဒေါ်အေးစိန်(ခ)အင်ရောက်လမ်း]တို့၏ သားလတ်၊ (ယူကျန်ကော့)၊ ယူအိုက်တင်၊ ယူတင်တင်၊ ယူတင်ကြည်တို့၏ ညီ/မောင်၊ (ယူတင်အေး)၏အစ်ကိုသည် ၂၆-၄-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ရက် နံနက်၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမ နော်ဖြူဖြူထွေး
(အမက-၈၊ အင်းစိန်)
အသက်(၃၉)နှစ်

(ဦးအေးမောင်)-ဒေါ်အဲလစ်၊ (သိက္ခာတော်ရဆရာ ဦးထွေးမောင်ကြယ်)-ဒေါ်မေရီယဉ်တို့၏မြေး၊ ဦးဒယ်နီရယ်အေး-(ဒေါ်မေမေကျော့)တို့၏ သမီးထွေး၊ ဦးတင်ဝင်း-ဒေါ်မေရီယဉ်(ငြိမ်း၊အထက ကျောင်းအုပ်ကြီး)၊ သိက္ခာတော်ရဆရာ စောရှမွေလ - ဒေါ်ခရီဆန်းသမန် (တောင်ကြီး)၊သိက္ခာတော်ရဆရာ ဦးဇော်မိုင်-ဒေါ်ဂလိုးရီ(ကံဘဲ့)၊ ဦးဆင်မြူရယ်-ဒေါ်ခင်ကြူ၊ သိက္ခာတော်ရဆရာ ဦးဂျွန်အေးမောင်-ဒေါ်စီစီမြင့်(သာယာဝတီ)၊ ပါမောက္ခ ဦးစောခရစ္စတိုဖာ(သင်္ချာဌာန၊ ဟသ်ာတ တက္ကသိုလ်)-ဒေါ်ခင်မေလှ၊ သိက္ခာတော်ရဆရာ ဦးမိုးဇက်-ဒေါ်မစ်ဂနီးနက်(ကျေးဇူးတော်၊သုဝဏ္ဏ)၊ (ဦးဂျွန်ကျော့)၊ ဦးအဲနက်စ်ထွန်း-ဒေါ်ဂျူးမေကျော့၊သိက္ခာတော်ရဆရာဆာလယ်မူး-နော်ကရီစဲဒါ(ပုသိမ်၊မြောင်းမြ)၊ နော်ဆာလယ်ဖော၊ စောဆမူလာ-နော်ကပေါ၊ သိက္ခာတော်ရဆရာ စောဆာအယ်ထူး-နော်ဖရီးဒါ၊ စောဆာအယ်ဂေး-နော်ဆာစေး၊ (စောဝါးဒို)-နော်ဆာစေးဖောတို့၏တူမ၊ စောသတော-နော်လူးဝစ်၊ နော်လေးဒီယာ (အလက-၄၊ အင်းစိန်)၊ (စောဝဲလ်ဘုန်း)-နော်စေးစေး၊ စောဝင်းဒက်တို့၏ညီမ၊ စောဒေဗီထူး၊ မော်လူ၊ စောဟန်နီတို့၏အဒေါ်သည် ၂၇-၄-၂၀၀၄ရက်တွင် အင်းစိန် KBC ဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက် နံနက် ၁၀း၃၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်သုသာန်တွင်ဝတ်ပြုဆုတောင်းပြီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အင်းစိန် စာသင်ကျောင်းလမ်း၊ အမက-၈ မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိုးမြင့်
ရေယာဉ်မှူး(ငြိမ်း)
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
အသက်(၆၉)နှစ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နေ (ဦးမျှင်-ဒေါ်ကြင်မြ)တို့၏သား၊ (ဦးစုရှက်-ဒေါ်ကြင်ရုံ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ် ၈၃ နေ(ဒေါ်ခင်ဝင်း)၏ခင်ပွန်း၊ ဦးသောင်းထွန်း-(ဒေါ်ငွေး)၊ ဦးနီထွန်း (မြဝတီ ရုပ်သံ)၊ ဒေါ်တီတို့၏အစ်ကို၊ ကိုသန်းစိုး(JSM-Co)၊ မလဲ့မွန်သင်း (ပြည်တွင်းရေကြောင်း)၊ ကိုကျော်ခိုင်စိုး (ကြယ်ငါးပွင့်)၊ မယုယုထွန်းတို့၏ဖခင်၊ မစုစံနှင်း(TTC)၏အဘိုးသည် ၂၅-၄-၂၀၀၄ရက် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာခင်မာဝေ(ခ)
Rose Marie
အချိန်ပိုင်းတွဲဖက်ပါမောက္ခ၊ ဇီဝနည်းပညာမဟာဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ပါရမီရိပ်သာ၊ မြစပယ်လမ်း၊ အမှတ် ၃၀ နေ (အငြိမ်းစားသံအမတ်ကြီး ဦးခင်မောင်လေး-(ဒေါ်ခင်မမ)တို့၏သမီးကြီး၊ဒေါက်တာခင်မာဆွေ-ဦးသန့်ဇင်(ဒု-အင်ချုပ်၊ ဗိသုကာ)၊ ဦးခင်မောင်ထွန်း(ကျောက်မျက်၊ငြိမ်း)-ဒေါ်မြင့်မြင့်သန်း (ပါမောက္ခ၊ သတ္တဗေဒ၊ မြိတ်တက္ကသိုလ်)၊ ဒေါ်ခင်မာအေး၊ ဒေါ်ခင်မာထွေး၊ ဦးသန်းငွေး-ဒေါ်မိုးဆန်းတို့၏အစ်မကြီး၊ မောင်ကျော်သန့်ဇင်၊ မစုနန္ဒာ၊ မောင်ရဲလင်းမြတ်(T.T.C) တို့၏ကြီးကြီးသည် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် St. Jude ဘုရားရှိခိုးကျောင်း (ရန်ကင်း)၌ ဝတ်ပြုဆုတောင်းပွဲပြုလုပ်ပြီး ရေဝေးခရစ်ယာန်သုသာန်တွင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးသွင်
အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးခင်မောင်လတ်-ဒေါ်မမကြီး)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၀)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၁၄၅ နေ ဦးအုံးသွင်(ဗိုလ်မှူး-လျှပ်စစ်တပ်ဖွဲ့၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးတင်မောင်သွယ်(ယာယီ ဒု-စက်ရုံမှူး)-ဒေါ်စန္ဒာ (ဦးစီးအရာရှိ၊ မကွေးတိုင်းတရားရုံး)၊ ဦးကျော်စိုးသွင်-ဒေါ်စိုးစိုးသွင်၊ ဗိုလ်မှူးမင်းသွင်(တပ်မတော်-ရေ)-ဒေါ်စိုးစိုးသန်း၊ ဒေါ်မေမြတ်သွင်၊ ဦးသူရသွင်-ဒေါ်မီမီကို၊ ဦးသီဟသွင်တို့၏မိခင်၊ မခိုင်ဇာသွင်၊ မရည်မွန်မင်းခင်၊ ဖိုးသား၊ ဖိုးညီလေးတို့၏အဘွားသည် ၂၆-၄-၂၀၀၄ရက် ည ၁၁ နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးခင်လှ
အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
အသက်(၈၄)နှစ်

သထုံမြို့နေ(ဦးအုန်းကြည်-ဒေါ်ချစ်သိန်း-ဒေါ်ခင်ကြည်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမြဒင်)-ဒေါ်ရီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၉၇၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့် ရပ်ကွက်နေ ဒေါ်တင်အေး(နာယက၊ ရွှေတိဂုံစေတီတော်အင်္ဂါသမာဓိအသင်း)၏ခင်ပွန်း၊ သတင်းထောက် ဦးမောင်မောင်လှအေး-ဒေါ်စမ်းစမ်းလှ(အမက-၉၊ မတည)၊ (ဦးသက်တင်)၊ ဦးစောဝင်း (ရန်ကုန် နှင်းနှင်း အလှပြုပြင်ရေး၊ မိတ္ထီလာ)၊ဦးမြင့်သိန်း(ခ)ဦးချို-ဒေါ်အေးအေးသန်း၊ ဦးစန်းလွင်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၆-၄-၂၀၀၄ရက် (တနင်္လာနေ့) ၀၀း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်အေး (ရခိုင်ရိုးကြီး)
အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊အနော်ရထာလမ်း၊ အမှတ် ခ/၁၂၉၅ နေ (ဦးညွန့်လှိုင်)၏ဇနီး၊ ဦးကြည်ငွေ-ဒေါ်စိုးကြည်၊ ဦးလှစိုး-ဒေါ်မိုးလှိုင်၊ ဒေါ်တင်တင်ဝင်း၊ (ဦးအေးကျော်)-ဒေါ်ဖြူဖြူ၊ ဦးဇော်လေး-ဒေါ်လဲ့လဲ့ဝင်း၊ မယမင်းလှိုင် (ရွှေလမင်း အထည်ဆိုင်၊ အင်းစိန်ဈေး)၊ မဝင်းဒါလီအေးတို့၏မိခင်၊ မြေး၊ မြစ် ၁၅ယောက်တို့၏အဘွားသည် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ငြိမ်း
အသက်(၄၈)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း ၆ လမ်း၊ အမှတ် ၁၇ နေ (ဦးကြည်မောင်)-ဒေါ်ခင်ညွန့်(ခ)မရှမ်းတို့၏သား၊ ဦးညိုထွန်း-ဒေါ်ခင်အုန်းမြင့် (မြန်မာ့နှစ်ရှည်ပင်)၊ ဦးမောင်မောင်ဦး၊ ဒေါ်ခင်မြဝင်း (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး)တို့၏ ညီ/မောင်၊ ဦးသန်းအောင်စိန် (နိုင်ဂရုဆောက်လုပ်ရေး)-ဒေါ်ခင်မြစိန် (ကမာရွတ်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး)တို့၏ အစ်ကို၊ မရွှန်းလဲ့ဖြိုး(TTC)၊ လုံးလုံးပြည့်တို့၏ဘကြီးသည် ၂၇-၄-၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက် ည ၅ နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြည်နိုင်(ခ)ပါစီတူး
(ပြည်တွင်းအခွန်ဦးစီးဌာန၊ ငြိမ်း)
အသက်(၄၁)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)၊ လှည်းတန်း၊ အမှတ် ၇၁ နေ ဦးဘိုနီ-ဒေါ်သန်းသန်းတို့၏သားလတ်၊ ဦးအောင်နိုင်-ဒေါ်အေးအေးမြင့်၊ ဦးစံနိုင်(ခ)ဘာဘူ၊ ဦးခင်ဇော်-ဒေါ်မြင့်မြင့်နိုင်တို့၏ညီ/မောင်၊မစိုးစိုးနီ၊ ကိုမျိုးခိုင်-မပိုပိုနီ၊ ကိုတိုးတိုးလှိုင်-မထက်ထက်ဇော်တို့၏အစ်ကို၊ တူ တူမ ငါးယောက်တို့၏ဦးလေးသည် ၂၇-၄-၂၀၀၄ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
အင်ဖိတ်ကရောင်း(ခ) ဒေါ်ခင်စိန်
(ဆင်မလိုက်၊ ကွမ်းခြံ)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ဆင်မလိုက်-အုန်းတော၊ စံပယ်မာဃလမ်း၊ အိမ်အမှတ် ၅ နေ (ဦးဟုတ်ခင်)၏ဇနီး၊ ဦးသန်းဇော်-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ရီရီမြင့်(ထွေ/အုပ်၊ ကမာရွတ်)-ဦးကျော်တင့်(ဥက္ကဋ္ဌ၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပန်းတောင်း)၊ ဦးသိန်းဇော်-ဒေါ်သီတာထွေး၊ဒေါ်မြင့်မြင့်ရီ-(ဦးကျော်ဝင်း)၊ ဒေါ်ခင်ခင်မြင့်၊ ဒေါ်ခင်မြင့်ကြည်-ဦးမျိုးအောင်၊ ဦးဝင်းဇော်-ဒေါ်စန္ဒာလင်း၊ ဦးမင်းဇော်၊ ဦးမျိုးဇော်၊ ဒေါ်ခင်မြသိန်း၊ ဒေါ်ခင်မြတ်ဝါ၊ ဦးဇော်ဝင်းထွန်း- ဒေါ်သန်းသန်းအေး၊ ဒေါ်စန်းစန်းငွေ-ဦးလှသွင်၊ ဦးမြင့်သိန်း၊ ဦးအေးလွင်၊ မသက်ရွှေစင်၊ မခင်ကြူကြူခိုင်၊ မအိဆွေမြင့်၊ မောင်အောင်ကျော်စိုး၊ မသီတာစိုး၊ မောင်အောင်ကျော်တိုး၊ မောင်ကျော်မျိုးခိုင်တို့၏အဘွား၊ မြစ် ၁၉ ယောက်တို့၏အဘွားသည် ၂၆-၄-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
ဦးခင်လှ
အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
အသက်(၈၄)နှစ်

ရာသက်ပန်အသင်းဝင် ဦးခင်လှသည် ၂၆-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းတိုက်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်လှိုင်
အသက်(၇၂)နှစ်

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ စွယ်ကတော့ကျေးရွာနေ (ဦးကျော်ဒွန်းဇံ-ဒေါ်စိန်ရှင်)တို့၏သမီးကြီး၊ (ဦးမြဟံ)၏ဇနီး၊ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ဝိမုတ္တိသုခကျောင်းဆရာတော် အရှင်သဒ္ဒိက (ဓမ္မာစရိယ ဒီဃဘာဏက)၊ ဦးသိန်းဟံ-ဒေါ်ညွန့်ရီ၊ (ဦးအောင်မျိုးဆက်)၊ ဦးထွန်းသွယ်-ဒေါ်စိုးယဉ်၊ ဦးအောင်မြင့်-(ဒေါ်ကျင်မီ)၊ ဒေါ်မြင့်မြင့်စော၊ ဦးစိန်ဝင်း-ဒေါ်အေးသိန်းတို့၏အစ်မကြီး၊ ဦးလှမင်းအောင်-ဒေါ်နုနုဝင်း၊ တကကစောသိန်း-မခင်နန်းဝေ(နကတ)၊ မဝင်းမာ၊ တကကထွန်းမြင့်-မဝင်းမြင့်သန်း၊ မောင်အောင်မင်းသိန်းတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၂၆-၄-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ကြောင်း။(ဝိမုတ္တိသုခကျောင်းမှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ပု(ခ)ဒေါ်ချိုချိုအေး (မြိတ်)
အသက်(၅၁)နှစ်

မြိတ်မြို့၊တပ်ပြင်ရပ်၊ဘုရားကြီးလမ်းနေ(ဦးရွှေစိန်-ဒေါ်ဟို့ဝါ)တို့၏သမီးကြီး၊ ဦးဆာလင်-(ဒေါ်ခင်နွဲ့)တို့၏ သမီးချွေးမ၊ဦးဖိုးလား(ခ)ဦးလှမြင့်(မြိတ်ဗီဒီယိုအခြေခံဥက္ကဋ္ဌ)၏ဇနီး၊မောင်စိုးမင်းဟန်၊ မအေးပွင့်ဟန်တို့၏မိခင်၊ (ဒေါ်အေး)၊ ဦးအောင်မြင့်-ဒေါ်ချိုချိုလွင်၊ ဦးဝင်းနွယ်-ဒေါ်သန်းကြည်၊ ဒေါ်ထွေးတင်၊ ကိုစိန်ဝင်း-မသန်းသန်းစီတို့၏ အစ်မကြီးသည် ၂၆-၄-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍၃၀-၄-၂၀၀၄ရက်မွန်းတည့်၁၂နာရီတွင် ဟိုရှင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ် ဒါယကာကြီး
ဦးလှမောင်(ခ)ဦးပါ
(ကော့ဘိန်း)
အသက်(၉၂)နှစ်

မော်လမြိုင်မြို့၊ အမှတ် ၁၂၊ တရုတ်တန်းရပ်၊ ဒိုင်းဝန်ကွင်းနေ (ဦးဟုတ်-ဒေါ်ရိန်လန်)တို့၏သား၊ (ဒေါ်သိန်း)၏ခင်ပွန်း၊ ဒေါ်သိန်းလှ(ပေါင်မြို့ စာရင်းရုံး)၊ [ဦးလှတင်(ခ)မောင်မောင်]-ဒေါ်စန်းရီ၊ ဒေါ်လှမြင့်(မြန်မာ့ပုလဲ)၊ ဦးစိုးသောင်း-ဒေါ်လေးလေးမြင့်(မိုး/ဇလ၊ ငြိမ်း)၊ ဒေါ်ဟန်တင်(ကလျာဏီ အမက)၊ ဒေါ်လွင်လွင်အေး၊ဒေါ်လှလှသိန်း(ပညာရေးကောလိပ်၊ မော်လမြိုင်)၊ ဒေါ်ယဉ်ယဉ်ထွေး(အမက၊ထန်းနှစ်ပင်၊သန်လျင်)၊ ဦးညီညီမောင်-ဒေါ်သန္တာအေး၊ (ဦးဇော်ဇော်အောင်) - ဒေါ်အေးအေးခိုင်တို့၏ဖခင်၊ မောင်ဇင်မင်းဦး၊ မောင်သက်နိုင်ဦး (တပ်မတော်နည်းပညာတက္ကသိုလ်)၊ မမြဆုစံ၊ မဂျူးသန္တာမောင်၊ မောင်ရဲဝင်း၊ မောင်ဝေယံ၊ မောင်ကောင်းမြတ်သူတို့၏ အဘိုးသည် ၂၇-၄-၂၀၀၄ရက် ညနေ ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက်တွင် မော်လမြိုင်မြို့ ဝဲဂလာသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ချန်ဖွန်ကြည်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၁၉ လမ်း၊ အမှတ် ၂၀၈ နေ (ချင်ငုတ်ကွေး)၏ခင်ပွန်း၊ ဒေါ်လှလှရီ-ဦးညွန့်စိန်၊ အသန်း(ခ)ဦးလှထွန်း-မမြင့်မြင့်လှိုင်၊ အဖောင်(ကျော်ဝင်း)၊ အစိန်း(ခ)ဦးလှဝင်-မအေးအေးသွယ်၊ မငုတ်ထွေး(ခ)မထွေးထွေး - ခင်မောင်ဝင်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၆-၄-၂၀၀၄ရက် နံနက် ၉း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရားကျောင်းဒါယကာကြီး
ဦးတင်ရွှေ (ထိန်တော)
အသက်(၆၆)နှစ်

ပဲခူးတိုင်း၊ထိန်တောမြို့ညိုနေ(ဦးမောင်လှ-ဒေါ်မိ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးကြမ်း-ဒေါ်လုံးတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၅၀၁၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိရိပ်သာ၊ မဉ္ဇူလမ်းသွယ်၊ အမှတ် ၉ နေ ဒေါ်ကျင်အေး၏ခင်ပွန်း၊ ဗိုလ်ကြီးဝင်းဦး-မခေါ်နန်းကိုသိန်းငွေ၊ ကိုထွန်းကျော်-မနွယ်နွယ်ဝင်း၊ ကိုကိုအောင်-မခင်မာချို၊ မခင်မာခိုင်တို့၏ဖခင်၊ မင်းဇာနည်၏အဘိုးသည် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာတင်ထွန်း
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ၉၅(A)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်နေ [ဦးဘဦး(မီးရထားအရေးပိုင်)-ဒေါ်လှခင်]တို့၏သားသမက်၊ ဒေါ်ခိုင်စန်းဦး (အထက်တန်းပြ၊ ငြိမ်း)၏ ခင်ပွန်း၊ ပါမောက္ခ Dr.ခင်လှိုင်-Dr.ချိုနွယ်ဦး၊ (ဒုတိယဗိုလ်မှူးကြီးညွန့်ဝင်း၊ ငြိမ်း)-ဒေါ်ခင်မော်ဦး၊ Dr. ဝင်းအောင်-ဒေါ်မြင့်ဖြူးဦး၊ ဦးငွေစိုးလှိုင် (CEIE)-ဒေါ်ဂျူးစီစီနိုင်(ICRC)တို့၏ညီ/မောင်၊ ကိုနေလှိုင်၊ Mr.Severin Brown-Dr.ဝေဝေမြင့်လှိုင်၊ Dr.ဖေသက်ဝင်း-Dr. မိုမိုလှိုင်၊ ကိုတင့်လွင်-မယမုံဝင်း၊ ကိုညီညီဇော်မင်း-မဥမ္မာဝင်း၊ မအိဇင်ဝင်း၊ ကိုကျော်ဇင်ဝင်း၊ ကိုနေအောင်ကိုလှိုင်ဦး၊ ကိုကျော်သူရ-မသစ်စစ်စိုးတို့၏ဦးလေးမနယယ်ယဉ်ဝေ(အထက-၂၊ စမ်းချောင်း)၊ မောင်ဖေယျာတင်ထွန်း (အထက-၅၊ မရမ်းကုန်း)တို့၏ ဖခင်၊ Clarimond Lynn Brown၊ ကေလာလှိုင်ဝင်း၊ ကေသူ၊ မေသူ၊ ဆုယွန်းစန္ဒီ၊ ဖြိုးသုလိုင်တို့၏ဘိုးလေးသည် ၂၅-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၆း၁၅ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အောင်သိဒ္ဓိကုန်း၊ရွှေစေတီကျောင်းတိုက်၊ပဓာနနာယက
သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ ကုန္ဒက
ဥက္ကဋ္ဌ သံဃနာယကအဖွဲ့
ကျိုက္ကဆံရပ်ကွက်၊ဗဟန်းမြို့နယ်
မြင်းထရိန်နာ ဦးထွန်းတင် (သရက်တောရပ်၊မြစ်ခြေ၊ပခုက္ကူ)
သက်တော်(၁၀၂)နှစ်၊ သိက္ခာတော်(၄၂)ဝါ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အောင်သိဒ္ဓိကုန်း၊ ရွှေစေတီကျောင်း ဆရာတော် ဘဒ္ဒန္တ ကုန္ဒက (ရပ်ကွက်သံဃနာယက၊ ဥက္ကဋ္ဌ)၊ ကမ္မဋ္ဌာနာစရိယ၊ မဟာစည်နည်းလှည့်မွမ်းမံထိက၊ သာသနဓဇဓမ္မာစရိယ၊ အရှင်ဉာဏဗလ၏အဘိုးသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၆ ရက် (၂၄-၄-၂၀၀၄ရက်) စနေနေ့ ညနေ ၆း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို (၂၈-၄-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနအခမ်းအနား ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အားအကြောင်းကြားသိစေအပ်ပါသည်။ (အောင်သိဒ္ဓိကုန်း၊ ရွှေစေတီကျောင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဦးထင်ကျော် (Sunny Yone Sein)
စိန်ပေါလ်ကျောင်းသားဟောင်း
ဥက္ကဋ္ဌ၊ ရွှေနဒီသမလုပ်ငန်းစု၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ် ၁၂၄၊ အခန်း ၁၀ နေ (ဦးယုံစိန်-ဒေါ်စိန်ကြည်)တို့၏သားကြီး၊ (ဒေါ်ခင်လှငွေး)၏ခင်ပွန်း၊ ဦးကျော်ဇေယျ-ဒေါ်ခင်ပိုပို၊ ဦးဝင်းမြင့်-ဒေါ်နီနီစိန်၊ ဦးဝင်းဖေ-ဒေါ်ရီရီစိန်၊ ဦးကျော်သူရ-ဒေါ်စန္ဒာမြင့်၊ ဦးလှဆင့်-ဒေါ်ဖြူဖြူစိန်တို့၏အစ်ကိုကြီး၊ ကိုကျော်ခိုင်ဦး (သူဌေးကျွန်းဟိုတယ်၊ ကော့သောင်း)၏ဖခင်သည် ၂၃-၄-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမများနှင့်မိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးထွေးမောင် (အုန်းချောင်းရွာ)
(မြတ်ကျော် ငါးခြောက်လုပ်ငန်း)
အသက်(၆၅)နှစ်

အုန်းချောင်းရွာနေ ဦးဖိုးတုတ်-ဒေါ်ပုတို့၏သား၊ ဦးအောင်သိန်း-ဒေါ်ကျင်စိန်၏သားသမက်၊ ရန်ကုန်မြို့၊လှိုင်သာယာ စက်မှုဇုန်(၇)၊ အကွက်အမှတ် ၃ နေ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ ကိုတင်နိုင်မြင့်၊ ကိုတင်နိုင်ထွန်း၊ ကိုမြင့်ထူး-မစန်းစန်းမြင့်တို့၏ဖခင်သည် ၂၆-၄-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၄း၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါသည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်ဆွေ
(တောင်တွင်းကြီးမြို့)
(ဒုရဲမှူး-ငြိမ်း၊ မကွေးခရိုင်ရုံး)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၉(ခ)ရပ်ကွက်၊ အမှတ် ၄၆၆ သမာဓိလမ်းသွယ် ၁ နေ (ဒေါ်တင်အေး)၏ခင်ပွန်း၊ မောင်ကျော်ဆွေ၊ မသန်းသန်းမြင့်(ဆားမှော်-အထက)၊ မသန်းသန်းအေး၊ (မောင်မြင့်သိန်းသန်း)၊ မောင်အောင်ကျော်ဦး(တပ်မတော်-ရေ)-မသီသီအောင်(စက်-သတ်ဦးစီး)၊ မောင်အောင်လှမိုး (ကျောက်တန်း၊ ရဲစခန်း)-မမြမြခိုင်၊ မောင်ခင်မောင်ဝင်း(မြိတ်၊ ရဲစခန်း)-မနီလာမြင့် (မြိတ်ခရိုင်ရုံး)၊ မအေးစိုးအောင်(နယ်စပ်/စည်ပင်)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၅-၄-၂၀၀၄ရက် ည ၁၀း၄၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းအမကြီး
ဒေါ်ညိုညို
(စစ်တွေမြို့၊ မြို့သူကြီးရပ်)
အသက်(၅၅)နှစ်

စစ်တွေမြို့၊ မြို့ကြီးသူရပ်ကွက်နေ (ဦးမောင်လှအောင်-ဒေါ်မွှီးခိုင်ဦး)တို့၏သမီး၊ ဦးအောင်ထွန်းမြ-ဒေါ်သတင်းဖြူတို့၏သမီးချွေးမ၊ ဦးကျန်းသီးအောင် (ဒုတိယညွှန်ကြားရေးမှူး၊လဝက၊သာယာဝတီ)-ဒေါ်ချစ်မေဆန်း၊ ဒေါ်ကျွန်မဖြူတို့၏ညီမ၊ ဦးဟန်ထွန်းမောင်-ဒေါ်မခင်သာတို့၏အစ်မ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူ ကုန်သွယ်/လယ်ယာဝင်းနေ ဦးထွန်းမောင် [ဌာနစုမန်နေဂျာ၊ တကခ(၄) ကုန်သွယ်/လယ်ယာ]၏ဇနီး၊ မောင်မောင်မြင့်၊ မမြတ်မွန်စိုး(2nd Years, Physics)တို့၏မိခင်သည် ၂၆-၄-၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၄း၀၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ကြင်ညွန့်
(ပန်တိုင်)ကြည့်မြင်တိုင်
အသက်(၉၀)

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်း၊ အမှတ် ၄၄ နေ (ဦးပြားအုံ-ဒေါ်အေးခင်)တို့၏သမီး၊ (ကြံတိုင်းအောင်-ဦးဘသောင်း)၏ဇနီး၊ ဦးတင်စိုး-ဒေါ်အေးအေးမြတ်၊ ဦးတင်ဝင်း-ဒေါ်သင်းသင်းရီ၊ (ဒေါ်တင်တင်ဝင်း)၊ ဒေါ်ခင်ချိုသောင်း၊ ဦးအောင်မြင့်စိန်-ဒေါ်ခင်မြင့်သောင်း၊ ဒေါ်ခင်အုံးမြင့်၊ ဦးတင်ဦးမောင်-ဒေါ်သန်းသန်းဦးတို့၏မိခင်ကြီး၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ချိုချို(ခ)ဒေါ်သန်းစီ
အသက်(၈၂)နှစ်

(ဦးဖိုးကွယ်-ဒေါ်မေရှင်)တို့၏သမီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေယာလမ်း၊ ၅၃၆/၈ နေ ဦးရဲဝင်း (လ/ထညွှန်ကြားရေးမှူး၊ငြိမ်း၊အကောက်ခွန်ဦးစီးဌာန)၏ဇနီး၊ ဦးထွန်းစီ(ဒု-အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ဝင်းဝင်း၊ ဦးအောင်ထွန်း-ဒေါ်မာမာချိုတို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀း၂၀နာရီတွင် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်နှင့် ရွာမ နှစ်ခြင်းခရစ်ယာန်အသင်းတော်ရှေ့မှ ကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်မျိုးမင်းထွဋ်
B.Sc. (Chem)
(လှည်းကူး)
အသက်(၃၇)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ် ဈေးကြီးရပ်ကွက်၊ သင်္ဂဟလမ်းနေ (ဦးအုန်းမြင့်)-ဒေါ်ခင်မြင့်တို့၏ သားကြီး၊ မအေးအေးမိုး၊ မောင်ညီညီထွဋ်၊ ဗိုလ်ကြီးကျော်စိုးအေး-မခတ္တာ၊ မောင်မျိုးမင်းသိန်းတို့၏ အစ်ကိုကြီးသည် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

မဟာဓာတ်အားလိုင်းအတွင်းအကျုံးဝင်သည့်စီမံကိန်းကြီးများတစ်နိုင်ငံလုံးနှင့်သက်ဆိုင် နယ်မြေဒေသအလိုက်အကောင်အထည်ဖော်မည့်လျှပ်စစ်စီမံကိန်းများဒေသဖွံ့ဖြိုးရေးရည်မှန်း လုပ်ငန်းနှစ်ပိုင်းလုံး ဟန်ချက်ညီညီဖော်ဆောင်မှ ခေတ်မီစက်မှုနိုင်ငံအဖြစ်ထူထောင်နိုင်မည်

★ ရှေ့ဖုံးမှ

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

စာမျက်နှာ ၈ ကော်လံ ၁ ★

ရောဝတီမြစ်ဝှမ်းအထက်ပိုင်းရှိ ရေအားလျှပ်စစ်စီမံကိန်းငါးခုအနက် မူးမြစ်ပေါ်၌တည်ဆောက်ခဲ့သည့် မဂ္ဂါဝပ် ၃၀ အင်အားရှိ သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)



ယနေ့ထုတ်ခောင်ရေ – ၂၀၀၅၃၂

မဟာဓာတ်အားလိုင်းအတွင်းထည့်သွင်းရန် တည်ဆောက်ဆဲလျှပ်စစ်စီမံကိန်းကြီးများ

စဉ်	တည်ဆောက်ဆဲစီမံကိန်း	တည်နေရာ	ထုတ်လုပ်နိုင်မည့်မဂ္ဂါဝပ်
၁။	မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း	မကွေးတိုင်း၊ စေတုတ္တရာမြို့နယ်	၇၅ မဂ္ဂါဝပ်
၂။	ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း	မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်	၂၈၀ မဂ္ဂါဝပ်
၃။	တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း	ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်	၁၂၀ မဂ္ဂါဝပ်
၄။	ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း	ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်	၂၅ မဂ္ဂါဝပ်
၅။	ရွှေလီရေအားလျှပ်စစ်စီမံကိန်း	ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်	၄၀၀ မဂ္ဂါဝပ်
၆။	ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း	ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်	၅၄ မဂ္ဂါဝပ်
၇။	ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း	ပဲခူးတိုင်း၊ဖြူးမြို့နယ်	၄၀ မဂ္ဂါဝပ်
၈။	ခပေါင်းရေအားလျှပ်စစ်စီမံကိန်း	ပဲခူးတိုင်း၊ တောင်ငူမြို့နယ်	၃၀ မဂ္ဂါဝပ်
၉။	ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း	ပဲခူးတိုင်း၊ ဖြူးမြို့နယ်	၆၀ မဂ္ဂါဝပ်
၁၀။	ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း	ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်	၇၅ မဂ္ဂါဝပ်
၁၁။	ရဲရွာရေအားလျှပ်စစ်စီမံကိန်း	မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ်	၇၉၀ မဂ္ဂါဝပ်

လျှပ်စစ်ဓာတ်အားထုတ်မည့် ရေတံခါး

မကွေးတိုင်း စေတုတ္တရာမြို့ မြောက်ဘက်နှစ်မိုင်ခန့်အကွာ မုန်းချောင်းပေါ်တွင် တည်ဆောက်နေသည့် မုန်းချောင်းဘက်စုံ ရေလှောင်တမံစီမံကိန်းသည် လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှကီလိုဝပ်နာရီ သန်းပေါင်း ၃၃၀ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်သည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး